# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၃) ရက်၊ စနေနေ့ ၊ (15-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၈၇၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**နေပြည်တော်   ဇူလိုင်   ၁၄**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၂ ခုနှစ် ဇူလိုင် ၁၅ ရက်
အယ်ဒီတာ့အာဘော်

# သန့်ရှင်းစင်ကြယ်သောရေများ မပြုန်းတီးရေး

ကမ္ဘာမြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းသည် ရေများဖုံးလွှမ်းထားလျက်ရှိပါသည်။ ဤမျှ များပြားသောရေထုကြီးထဲ၌ ကမ္ဘာကြီးစိမ်းလန်းစိုပြည်ပြီး သာယာဝပြောစဉ်ကပင် လူသားတို့ သောက်သုံးနိုင်သောရေမှာ သုံးရာခိုင်နှုန်းခန့်သာ ရှိနေခဲ့သည်။

ရေအသက် တစ်မနက် ဆိုသည့်စကားနှင့်အညီ ရေသည် လူများ၏ အသက်တမျှ အဓိက ကျသည်။ ရေလုံလောက်စွာ မရရှိပါက လူသားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ စီးပွား ရေးတို့မှအစ ဘက်ပေါင်းစုံတွင် ထိခိုက်ဆုံးရှုံးစေမည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံ အသီးသီးသည် အန္တရာယ်ကင်းသည့် ရေကြည်ရေသန့် လုံလုံလောက်လောက်ရရှိရန် ကြိုးပမ်း လုပ်ဆောင်လျက်ရှိကြသည်။

ကမ္ဘာ့အချို့ဒေသများတွင် သန့်ရှင်းစင်ကြယ်သောရေဆိုသည်ကို ကြားဖူးရုံမျှသာရှိပြီး လက်တွေ့မသောက်ဖူးကြပေ။ ကမ္ဘာ့လူဦးရေ သန်း ၁၁၀၀ ခန့်သည် သန့်ရှင်းစင်ကြယ်သောရေများ မသောက်ကြရသည့်အပြင် တစ်နှစ်လျှင် လူသန်းပေါင်း ၅၇၀ ခန့်သည်လည်း မသန့်ရှင်းသောရေ၊ ညစ်ညမ်းမှုရှိသောရေတို့ကို သောက်သုံးမိခြင်းကြောင့် ဆက်နွှယ်ရရှိလာသောရောဂါဝေဒနာများစွာ ရရှိခံစားနေကြရပေသည်။

ကမ္ဘာတစ်ဝန်း၌ သန့်ရှင်းစင်ကြယ်သောရေကြည်ရေသန့်များ ရှားပါးလာခြင်းနှင့်ပတ်သက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"ရေရှားပါးမှုဖြစ်ရခြင်းသည် ရာသီဥတု ပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ စိမ်းလန်းစိုပြည်မှုမရှိခြင်း၊ သစ်ပင်သစ်တောများ ပြုန်းတီးခြင်း စသည့်သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများနှင့်ဆက်စပ်နေပြီး အပြန်အလှန် သက်ရောက်မှုကိုလည်းဖြစ်စေပါကြောင်း၊ နေ့စဉ်စားဝတ်နေရေးအတွက် သစ်ပင်သစ်တောများကို ရတ်ယူသုံးစွဲမှုများကြောင့် သစ်တောများကွယ်ပျောက်ပြီး ရာသီဥတုဆိုးရွားခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများဖြစ်လာပါကြောင်း၊ ရာသီဥတုကို သဘာဝကဖန်တီးခြင်းဖြစ်သောကြောင့် သဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လိုအပ်ပါကြောင်း၊ ထို့ကြောင့် ရေဝေရေလဲဒေသများနှင့် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်သွားကြမည်ဆိုပါက ရေရှားပါးမှုအခက်အခဲများသက်သာ စေပြီး ရာသီဥတုနှင့် ကျန်းမာရေးကိုပါ အထောက်အကူဖြစ်စေသည်ကို သတိထားပြီး ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန် မှာကြားလိုပါကြောင်း"** စသည်ဖြင့် ကမ္ဘာ့ရေနေ့ ၂၀၂၃ ခုနှစ် အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ပါသည်။

ကမ္ဘာ့လူဦးရေတိုးပွားလာမှုကြောင့် လူတစ်ဦးချင်းစီအတွက် ရရှိနိုင်သည့် ရေခွဲတမ်းမှာ တစ်စတစ်စလျော့နည်းလာသည့်အပြင် စိတ်ချလက်ချသောက်သုံးနိုင်သည့် သန့်ရှင်းစင်ကြယ် သောရေရှားပါးလာမှုတို့သည် လူသားတို့၏ကျန်းမာရေးနှင့် သက်ရှင်ရပ်တည်ရေးအတွက် ကြီးမား သောစိန်ခေါ်မှုတစ်ခု ဖြစ်လာပေသည်။ ထို့ကြောင့် ရေအရင်းအမြစ်များကို ညစ်ညမ်းစေခြင်း၊ ပျက်စီးစေခြင်း၊ အလွန်အကျွံသုံးစွဲခြင်း၊ အလဟဿဖြုန်းတီးပစ်ခြင်း စသည့်သန့်ရှင်းစင်ကြယ် သောရေများ မပြုန်းတီးစေရေး လူသားတိုင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါ ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# ပြည်တွင်း၊ ပြည်ပဝယ်ယူမှုများခြင်းကြောင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇူလိုင် ၁၄**

ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများခြင်းကြောင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက်များ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ပဲဇီးကွက်များသည် နယ်စုံဒေသမှ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး ပြည်ပတရုတ် နိုင်ငံနှင့် ပြည်တွင်းက ဝယ်ယူခြင်းကြောင့် ဈေးကောင်းများရရှိနေကြောင်း၊ ဇွန်လစတုတ္ထပတ်က ပဲဇီးကွက်ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ သာရှိခဲ့ပြီး ဇူလိုင်လ ဒုတိယပတ် ကစ၍ ပဲဇီးကွက်ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ထိ ဈေးကောင်းရရှိ ကာ အရောင်းအဝယ်ကောင်းနေ ကြောင်း သိရသည်။

"ပဲဇီးကွက်က တရုတ်နိုင်ငံဈေး ကွက်ကို လွန်ခဲ့တဲ့ငါးနှစ်လောက် ကစပြီး စမ်းသပ်တင်ပို့ရောင်းချခဲ့ တာပါ။ လက်ရှိအချိန်မှာတော့ ဈေး ကွက်ခိုင်မာနေပါပြီ။ ဒီပဲရဲ့ပုံစံကိုက ဇီးကွက်ပုံသဏ္ဌာန်ရှိပြီး စွန်တာပြာ ပဲအမျိုးအစားရဲ့ မျိုးစိတ်တစ်ခုဖြစ် တယ်။ စိုက်ပျိုးရာမှာလဲ လွယ်ကူ ပြီး မြေနုကျွန်းတွေမှာ ပိုပြီးဖြစ်ထွန်း တယ်။ တရုတ်နိုင်ငံဈေးကွက်က ရသလောက် ဝယ်ယူနေပါတယ်။ ဒီနှစ်ကတော့ တောင်သူတွေ အဆင်ပြေကြမှာပါ"ဟု စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

ပဲဇီးကွက်ကို ပခုက္ကူ၊ ရေစကြို၊ မုံရွာ၊ မြင်းခြံ၊ ညောင်ဦး၊ ကျောက်ဆည်၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ ဆင်ဖြူကျွန်းမြို့နယ်တို့တွင် ဆောင်းသီးနှံအဖြစ် အဓိကစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။

(၁၈၅)

# အောင်မြေသာစံမြို့နယ် မရမ်းခြံဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ၁၀ သိန်း မျိုးစိုက်ထည့်



**မန္တလေး ဇူလိုင် ၁၄**

ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရန် အတွက် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မရမ်းခြံ ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ၁၀ သိန်း ကို ယနေ့နံနက်ပိုင်းက မျိုးစိုက် ထည့်ပေးခဲ့ကြောင်း သရက်ကုန်း ငါးလုပ်ငန်းစခန်း လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းနောင် ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း ကို သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းနှင့် ရေနံ့သာငါးလုပ်ငန်းစခန်းတို့ ပူး ပေါင်းပြီး ငါးမြစ်ချင်း၊ ရွှေဝါ ငါးကြင်း၊ ငါးခုံးမကြီး နှစ်လက်မ အရွယ် ငါးသားပေါက်ကောင်ရေ ၁၀ သိန်းကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး အတွင်း ငါးလုပ်ငန်းစခန်းသုံးခုက နေပြီးတော့ ဒီနေ့မနက်မှာ နှစ် လက်မအရွယ် ငါးသားပေါက် ကောင်ရေ ၁၀ သိန်းကို ဧရာဝတီ မြစ်အတွင်း စိုက်ထည့်ပေးပါတယ်။ ငါးအမျိုးအစားသုံးမျိုးကို စိုက်ထည့် ပေးတာပါ။ သရက်ကုန်းငါးလုပ်ငန်း စခန်းက ငါးသားပေါက်ကောင်ရေ သုံးသိန်း၊ နတ်ရေကန်ငါးလုပ်ငန်း စခန်းက ငါးသားပေါက်ကောင်ရေ လေးသိန်းနဲ့ ရေနံ့သာငါးလုပ်ငန်း စခန်းက ငါးသားပေါက်ကောင်ရေ သုံးသိန်းကို မျိုးစိုက်ထည့်ပေးခဲ့ပါ တယ်။ ငါးမျိုးစိုက်ထည့်ပွဲကို တိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ အောင်မြေ သာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးခရိုင် ငါးလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ငါးလုပ်ငန်း စခန်းတာဝန်ခံနဲ့ ဝန်ထမ်းတွေ၊ ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင် ရွက်ခဲ့တာပါ"ဟု ဦးထွန်းနောင်ဝင်း က ပြောပြသည်။

ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာစေရန်၊ ငါးသယံဇာတ များ စဉ်ဆက်မပြတ်ရေရှည်ထိန်း သိမ်းနိုင်စေရန်၊ ငါးမျိုးကောင်း မျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွား စေရန်၊ ငါးရိက္ခာများ ရေရှည် စားသုံးနိုင်စေရန် ရည်ရွယ်၍ သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ငါးလုပ်ငန်းဦးစီး ဌာနက ငါးသားပေါက်များကို နှစ်စဉ် စိုက်ထည့်ပေးလျက်ရှိ ကြောင်း သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇူလိုင် ၁၄**

မန္တလေး အိမ်ခြံမြေဈေးကွက် သည် အရောင်းအဝယ်အေးနေ သော်လည်း ရပ်ဆိုင်းသွားခြင်းမျိုး မရှိဘဲ စက်မှုဇုန်နှင့် မြို့သစ်ပိုင်း များရှိ ငွေကျပ်သိန်း ၁၀၀၀ အောက် အိမ်ခြံမြေများ အရောင်း အဝယ်ဖြစ်နေပြီး အိမ်အငှားများ လည်းသွက်နေကြောင်း မန္တလေး အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

အငှားဈေးကွက်တွင် လူ နေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် အဓိကလမ်းမကြီး များရှိ အဆောက်အအုံပါနေရာ များနှင့် ဈေး၊ ကျောင်းအနီးဝန်းကျင် ရပ်ကွက်များ ပို၍အငှားလိုက်နေ ကြောင်း သိရသည်။

"မြို့သစ်နဲ့ စက်မှုဇုန်ဘက်မှာ အရောင်းအဝယ်ရှိနေတယ်။ အနိမ့် ဈေးတန်းနဲ့ အရောင်းအဝယ်ဖြစ် တာပါ။ မြို့တွင်းပိုင်းကတော့ အရောင်းအဝယ်မရှိသလောက်ပဲ။ ပြီးတော့ အငှားဈေးကွက်ကတော့ ကျဆင်းသွားတာမျိုးမရှိသေးပါဘူး။ လက်ရှိ ဝါဝင်တော့မှာဆိုတော့ ပိုပြီးအငှားပိုင်းကသွက်နေပါတယ်" ဟု ပုသိမ်ကြီးမြို့နယ်အတွင်းမှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးအေးဝင်းက ပြောပြသည်။

ငှားရမ်းမှုများတွင် နေရာ၊ အကျယ်အဝန်းနှင့် အကွက်အကွင်း ကောင်းသည့်အပေါ် မူတည်၍ တစ်လလျှင် ငွေကျပ် ၃၀၀၀၀၀ မှ ၁၅ သိန်းအထက်ထိဈေးရှိပြီး လူ နေထိုင်ရန်အတွက် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၂၅၀၀၀၀ ဈေး တန်းရှိအခန်းများ၊ နေအိမ်များ ငှားရမ်းမှု ပို၍များကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေ ဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြား ကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန် မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီး မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင် မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက် များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြား ကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံ မြေအကျိုးတော်ဆောင် ဦးအေး ဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သရက်ချောင်းမြို့နယ်အတွင်းဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**သရက်ချောင်း ဇူလိုင် ၁၄**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တင်ဒါစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်းနှင့် ရေရရှိရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

သရက်ချောင်းမြို့နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရန်တောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် နှစ်မိုင် ဖောက်လုပ်ခြင်းနှင့် Box Culvert တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မြန်မာပအော့ကျေးရွာ၌ ရေရရှိရေးနှင့်ဆက်စပ်လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၂၅ ဒသမ ၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လင်းခေး ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဒါးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကြံ၊ ပြောင်း၊ နှမ်းနှင့် အခြားစိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဒါးဆိပ်ကျေးရွာ၌ စီမံကိန်း အသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကိုစီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၅၀ ကျော် ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၃၄၆၉၂၆ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၃၄၆၉၂၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၃၄၆၉၂၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံစုံ ၃၄၆၉၂၆ ဧက စိုက်ပျိုးရာတွင် ပီလောပီနံ ၁၁၄၅ ဧက၊ ပဲစင်းငုံ ၉၉ ဧက၊ ကြံ ၁၂၆ ဧက၊ ဖူးစားပြောင်း ၁၀၄၆ ဧက၊ စားဖိုဆောင်သီးနှံဧက ၆၇၀၀၊ မိုးစပါး ၃၃၇၈၁၀ ဧကတို့ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစုံကို စုစုပေါင်း ၃၄၆၉၂၆ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ အခုနှစ် မိုးသီးနှံတွေထဲမှာ မိုးစပါးကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လက်ရှိ ပဲသီးနှံတွေ အားလုံးစိုက်ပျိုးနိုင်ဖို့ အတွက် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေ ပို့ချဆောင်ရွက်နေပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ သီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးဖို့အတွက် မစိုက်မီအချိန်ကနေ စိုက်ပျိုးပြီးတဲ့အချိန်ထိ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါကြောင့် လျာထားချက်ထက်ကျော်လွန် စိုက်ပျိုးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီအမီရရှိစေရန်၊ စိုက်ပျိုးပြီးသီးနှံများ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန်၊ အရည်အသွေးကောင်း သီးနှံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ်၌ မုန့်ဖုတ်နည်းသင်တန်းဆင်း

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေများတိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်ဖုတ်နည်းသင်တန်းဆင်းပွဲကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချပေးသော မုန့်ဖုတ်နည်းများကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို အမရပူရမြို့နယ်အတွင်းရှိ ရွှေပေါက်ပင်၊ ဝဲကြီးစင်ရွာ၊ ပြည်လုံးကျော်၊ သာလာအေး၊ ညောင်ပင်စောက်ကျေးရွာတို့မှ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက မုန့်ဖုတ်နည်းများကို ဇူလိုင် ၇ ရက်မှ ၁၃ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ပြောပြ၍ သိရသည်။

**ကျော်ဦး**

# မကွေးမြို့နယ် ညောင်ပင်ကြီးကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရန် ရည်ရွယ်၍ ညောင်ပင်ကြီးကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေး ကော်မတီဝင်များနှင့်အတူ ညောင်ပင်ကြီးကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက မြင့်မိုရ်စံထားကုမ္ပဏီမှ တာဝန်ခံကို လုပ်ငန်းများအားလုံး သတ်မှတ်အတိုင်းအတာ၊ သတ်မှတ်စံနှုန်းများအတိုင်းအချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၅၃ သန်းဖြင့် ညောင်ပင်ကြီးကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းအရှည်ပေ ၃၀၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို မြင့်မိုရ်စံထားကုမ္ပဏီကတာဝန်ယူ၍ ယခုနှစ် ဇွန် ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ညောင်ပင်ကြီးကျေးရွာရှိ အိမ်ခြေ ၂၅၀၊ လူ ၁၁၃၈ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိမည့်အပြင် အိမ်တိုင်ရာရောက်စနစ်ဖြစ်သည့်အတွက် ရေခပ်ရန် အချိန်ကုန်သက်သာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးထံမှ သိရသည်။

**ယဉ်လေး**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၈၄)

**ကြည်လွင်မြင့်(မုံရွာ)**

**မေး ။ ။ ဆရာကြီးခင်ဗျာ။ မျက်ဝတ်တွေထွက်ပြီး ကြည့်မကောင်းလို့ပါ။ ကျွန်တော်က ဂျပန်မှာအလုပ်လုပ်ပါတယ်။ ဒီမှာ ဆေးခန်းပြရင် ငွေကုန်ပါတယ်။ ဆရာဝန်ပြတော့ မျက်ရည်စန်းတာ၊ မျက်ရည်အိတ်ပိတ်တာလို့ပြောပါတယ်။ မျက်ရည်တွေမျက်ခြေင်း စက်နေရပါတယ်။ မျက်မှန်ကလဲ ဒီဂရီမကိုက်တော့ပါ။ ကျွန်တော့်ဝင်ငွေနဲ့ ဆေးခန်းမပြနိုင်လို့ သက်သာနိုင်မဲ့ နည်းလမ်း၊ ဆေးနည်းလေးတွေရှိရင် ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ အလုပ်က မျက်စိအာရုံစိုက်ရတဲ့ အလုပ်လုပ်ရတာ၊ အအေးဓာတ်များတဲ့ အဲကွန်းခန်းထဲမှာလုပ်ရတာမျိုးဆိုရင် မျက်စိထဲမှာ အခိုးငုပ်ပြီး မျက်ရည်အိတ်ပိတ်သွားတတ်ပါတယ်။ မျက်စိကို အခိုးတက်တာသက်သာအောင် ညအိပ်ရာဝင်မှာ ခြေဆေးပြီး ခြေဆင်းထိုင်ပါ။ အိမ်သုံးဆားကို ခြေဖဝါးအလယ်ထည့်ပြီး ခြေဖဝါးချင်းပွတ်ပေးပါ။ ရေလေးနည်းနည်းအစက်ချပေးလိုက်၊ ပွတ်လိုက်၊ ဆားနည်းနည်းထပ်ထည့်လိုက်လုပ်ပါ။ ၁၅ မိနစ်လောက် ခြေဖဝါးဆားပွတ်ပြီးမှ ခြေဖဝါးတွေပူလာရင် ဒူးအထက်ကနေ ရေလောင်းခြေဆေးပြီးမှအိပ်ပါ။ ချက်ချင်း ခြေဖဝါးက အခိုးမထွက်ပါ။ ၁၄ ရက်ဆက်တိုက်ပြုလုပ်ပါ။ ခြေဖဝါးမှာ အခိုးတွေထွက်ပြီး အပူအောက်ကို သက်ရင် မျက်စိကို အခိုးတက်တာသက်သာပါတယ်။ ညအိပ်ရာဝင်အပြင် မနက်အိပ်ရာထ ရေမချိုးခင် ခြေဖဝါးကို ဆားပွတ်နိုင်ပါတယ်။ တစ်နေ့ နှစ်ကြိမ်ပွတ်ပေးရင်၊ ရေရှည်ပြုလုပ်သွားရင် မျက်စိအခိုးရိုက်တာ၊ အမြင်ဝါးတာ၊ မျက်ရည်ပူထွက်တာတွေပျောက်ပါတယ်။ မြန်မာနိုင်ငံကို ဆေးလူကြုံမှာလို့ရရင်တော့ တိုင်းရင်းဆေးအမှတ်(၁၂) စက္ခုပါလဆေးကို မှာယူပြီးစားပါ။ ကျားမနိုင်နွယ်မြစ်ကို သွေးပြီး မျက်စိကွင်းပေးရင်လဲ မျက်ရည်အိတ်ပိတ်တာ သက်သာနိုင်ပါတယ်။ တကယ်လို့ ကွမ်းရွက်ရခဲ့ရင် မျက်စိကို ကွမ်းရွက်ကပ်ပေးပါ။ ကပ်နည်းနှစ်မျိုးရှိပါတယ်။ တစ်နည်းကတော့ ကွမ်းရွက်ကို မျက်စိအရွယ်အပေါက်ဖောက်ပြီးကပ်ပေးပါ။ မျက်စိနှစ်ဖက်စလုံးကပ်ရပါမယ်။ နောက်တစ်နည်းကတော့ ကွမ်းရွက်ကို ပြားစေ့အရွယ်အဝိုင်းလေးတွေဖဲ့ပြီး မျက်စိထောင့်တွေမှာ ကပ်ပေးရပါမယ်။ ကွမ်းရွက်ရဲ့ ပြောင်ချောတဲ့ဘက်ကနေ ကပ်ရပါမယ်။ ကွမ်းရွက်ကို ရေအနည်းငယ်ဆွတ်ပြီး မျက်စိအတွင်းထောင့်၊ မျက်စိအပြင်ထောင့် ဘယ်ညာနှစ်ဖက် လေးခုကပ်ရပါမယ်။ မျက်စဉ်းအနေနဲ့ကတော့ "မျက်စိမှာရည်(ရေ)၊ နားမှာဆီ၊ ဒန္တီမှာဆား၊ ဝမ်းမှာခါး"ဆိုတဲ့နည်းအတိုင်း ရေသန့်သန့်ကို မျက်နှာဝင်ဆံ့တဲ့ ဇလုံတစ်လုံးမှာထည့်၊ မျက်နှာကိုရေထဲနှစ်ပြီး မျက်စိထဲရေဝင်အောင် အဖွင့်၊ အပိတ်လုပ်ပေးရပါတယ်။ ရေထဲမှာ မျက်တောင်ခတ်ပေးရပါတယ်။ အဲဒီလိုလုပ်တဲ့အခါ တစ်မိနစ်လောက်ပြုလုပ်ပြီး ရေမွန်းရင် မျက်နှာပြန်ဖော်ပါ။ တစ်ဖန် ရေငုပ်ပြီး မျက်စိကို ရေထဲမှာ ဖွင့်ပိတ်လုပ်တာအကျင့်ရလာရင် ရေထဲမှာ မျက်စိကို ဘယ်ညာဝေ့ဝိုက်ကြည့်တဲ့လေ့ကျင့်ခန်းပြုလုပ်ပေးပါ။ ဒီနည်းနဲ့ မျက်စိအတွင်းကြောတွေ ပြန်လည်အားကောင်းလာပြီး မျက်မှန်လွတ်သွားတဲ့သူတွေ ရှိပါတယ်။ ရိုးရာနည်းနဲ့ မျက်စဉ်းပြုလုပ်ရင်တော့ ရေသန့်အကြမ်းပန်းကန်တစ်လုံးစာမှာ အိမ်သုံးဆား မန်ကျည်းစေ့လောက်ထည့်ပြီး ငြိမ်အောင်ထားကာ အရည်ကြည်ကို မျက်စဉ်းခတ်ပေးပါ။ ဆားရည်မျက်စဉ်းဟာ မျက်စိထဲက အပူအငွေ့မှန်သမျှကို စုပ်ယူနိုင်စွမ်းရှိလို့ မျက်စိကြည်စေနိုင်ပါတယ်။ တစ်နေ့နှစ်ကြိမ် ခတ်ပေးရင် မျက်လုံးအိမ်ထဲကနေ ကိုက်ခဲတာ၊ မျက်ရိုးကိုက်ခဲတာ၊ မျက်စိအမြင်မကြည်လင်တာတွေကိုပါ ပျောက်ကင်းသက်သာစေနိုင်ပါတယ်။ အရေးကြီးတာကတော့



ဆေးဖက်ဝင် စပါးလင်ကို တွေ့ရစဉ်။

မျက်စိအသုံး နားအရှုံးဖြစ်တာမို့ မျက်စိအာရုံစိုက်ရတဲ့အလုပ်ကို တစ်နာရီပြုလုပ်ပေးတိုင်း ၁၀ မိနစ်လောက်အနားပေးပါ။ အနီးမှာငုံ့ကြည့်ပြီး လုပ်ရတဲ့အလုပ်ဆိုရင် မျက်စိအနားပေးတဲ့အချိန် အဝေးမှာရှိတဲ့သစ်ပင် စတဲ့စိမ်းစိမ်းစိုစိုရှိတဲ့အရာတွေကို လှမ်းပြီးကြည့်ပေးပါ။ အနီးကြည့်သူဟာအဝေးကိုတစ်ဖန်ကြည့်ပြီး မျက်စိကို အနားပေးရပါတယ်။ ဒီလို မျက်စိအသုံးချမှုကိုအနားပေးတာကလဲ မျက်စိအာရုံကြောတွေကို ပြန်ကောင်းစေတဲ့ ကုသနည်းတစ်မျိုးဖြစ်ပါတယ်။ အထက်ဖော်ပြပါနည်းတွေအတိုင်း နေ့စဉ်ဂရုစိုက်သွားရင် မျက်စိအာရုံကြောအားနည်းတာ၊ မျက်လုံးကိုက်တာ၊ မျက်ရည်အိတ်ပိတ်တာ၊ မျက်မှန်ဒီဂရီတိုးတာတွေကို ပျောက်ကင်းစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်ရဲ့အဘိုးအသက် ၈၀ ကျော်ဟာ မကြာခဏ ဝမ်းချုပ်၊ လေချုပ်ရောဂါဖြစ်နေပါတယ်။ သူက လမ်းလဲမလျှောက်ပါ။ အစာကတော့ တစ်နေ့ သုံးကြိမ် ပုံမှန်ကျွေးပါတယ်။ ဝမ်းချုပ်တာက အင်္ဂလိပ်ဝမ်းပျော့ဆေး MOMကို ဆရာဝန်ညွှန်ကြားချက်အတိုင်း နေ့စဉ်တိုက်ကျွေးပါတယ်။ ဝမ်းကသွားပေမဲ့ ဗိုက်ကဖောင်းပြီး လေမလည်ဘူးဖြစ်နေပါတယ်။ အဘိုးက လူကြီးဖြစ်နေတော့ သူ့ရောဂါကိုလေချုပ်ရောဂါလို့လဲပြောနေပါတယ်။ လေလည်ရင်သက်သာမှာလို့ ပြောပါတယ်။ လေမုန့်၊ ဝမ်းမုန့်၊ ဆီးမုန့် မုန့်သုံးမုန့်ကောင်းမှ ငါကျန်းမာမှာလို့ ပြောပါတယ်။ အဓိကက သူက လေလည်ချင်တာပါ။ လေလည်အောင် ဘယ်လိုဆေးနည်းတွေ သုံးစွဲပေးရမယ်ဆိုတာ ညွှန်ကြားပေးပါခင်ဗျာ။**

ဖြေ ။ ။ လေချုပ်ရောဂါဆိုတာ အထိုင်များသူ၊ လမ်းလျှောက်နည်းသူတွေမှာ လေမလည်လို့ အောက်ကိုစုန်တဲ့ အဓောဂမဝါယောပျက်တာကြောင့် လေချုပ်ရောဂါဖြစ်ရတယ်လို့ ဆေးကျမ်းတွေမှာ ဆိုပါတယ်။ အသက်ကြီးရင့်သူတွေမှာ အစာမကြေတာ၊ လမ်းလျှောက်နည်းတာ၊ အိပ်နေတာ၊ လဲလျောင်းနေတာတွေက လေချုပ်ရောဂါနဲ့ နောက်ဆက်တွဲ ဝမ်းချုပ်ရောဂါပါ ဖြစ်လာတတ်ပါတယ်။ တတ်နိုင်သမျှ လမ်းလျှောက်ပေးနိုင်အောင် တွဲပြီးဖြစ်ဖြစ် နေ့စဉ်ပြုလုပ်ပေးရပါမယ်။ လေဆေးနဲ့ ဝမ်းနုတ်ဆေးတွေကိုလဲ သမားတော်တွေ ညွှန်ကြားတဲ့အတိုင်း တိုက်ကျွေးပေးရပါမယ်။ အသက် ၈၀ ကျော်တွေဟာ ဆေးကုရမဲ့အရွယ်ဖြစ်နေလို့ပါပဲ။ လေလည်၊ ဝမ်းသက်စေဖို့ အောက်ပါနည်းလမ်းတွေကို အသုံးပြုပေးပါ။

၁။ ကြက်သွန်ဖြူအစိမ်းကို ထမင်းစားတဲ့အခါတိုင်း အနည်းငယ်စားသုံးပေးပါ။ အမွှာသေးရင် ခုနစ်မွှာလောက်၊ အမွှာကြီးရင် လေးမွှာလောက်စားသုံးပေးရင် လုံလောက်ပါတယ်။

၂။ ကြက်သွန်ဖြူဉကြီးကို အပြင်ခွံတွေကျွမ်းအောင်မီးဖုတ်စားရင် လေသက်စေပါတယ်။

၃။ ကြောင်ပန်းရွက်ကိုပြုတ်ပြီး သုပ်စားရင် လေသက်စေပါတယ်။

၄။ ရှားစောင်းလက်ပပ်အနှစ်ကို ကြက်သွန်ဖြူအနည်းငယ်ထည့်ပြီး ဟင်းချိုချက်သောက်ပါ။

၅။ သဘော်ရွက်ကို မီးမြှိုက်ပြီး အတို့အမြှုပ်လုပ်စားပါ။

၆။ အညာတမာရွက်ကို ပြုတ်ပြီးဖြစ်ဖြစ်၊ မီးမြှိုက်ပြီးဖြစ်ဖြစ်၊ အချဉ်တည်ပြီးဖြစ်ဖြစ် စားပေးရင် လေသက်စေပါတယ်။

၇။ ပေါက်ပန်းဖြူကို ပြုတ်ပြီး အတို့အမြှုပ်လုပ်စားပါ။ ဟင်းချိုချက်ပြီးလဲ စားနိုင်ပါတယ်။

၈။ ပဲစင်းငုံကို ဟင်းချိုချက်သောက်ရင် လေချုပ်သက်သာစေပါတယ်။

၉။ ပဲကျားကိုလှော်ပြီး ကြက်သွန်နီနဲ့ သုပ်စားရင် လေလည်စေနိုင်ပါတယ်။

၁၀။ ကြက်သွန်နီဉကြီးကို မီးအုံးပြီး ခပ်နွေးနွေးစားသုံးပေးရင် လေကော ဆီးပါ သက်စေနိုင်ပါတယ်။

၁၁။ ကြက်သွန်ဖြူ တောရှောက်ခါးသီး၊ မန်ကျည်းသီးမှည့်၊ ထန်းလျက်၊ ပျားရည်၊ နှမ်းဆီတို့ကို ရောကျိုပြီး တေဆေးပြုလုပ်စားရင် လေချုပ်ပြီး ဝမ်းဗိုက်ကယ်တဲ့ ရောဂါတွေသက်သာစေနိုင်ပါတယ်။

၁၂။ ဆင်ငိုမြက်၊ ဝါးရွက်၊ ကုက္ကိုရွက်၊ သက်ရင်းကြီးရွက်တို့ကို ရောပြုတ်ထားတဲ့အရည်နဲ့ ရေချိုးပေးရင် လေချုပ်၊ အကြောတက်ရောဂါတွေ သက်သာစေနိုင်ပါတယ်။ လူကြီးတွေကို လေဖြတ်တာကနေ ကာကွယ်စေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်ရဲ့ဦးလေး တစ်ယောက်မှာ ဘယ်ဘက်ရင်ညွန့်အောက်က အောင့်အောင့်နေလို့ နလုံးရောဂါလားလို့ ဆေးခန်းပြစမ်းသပ်ကြည့်လိုက်တော့ ဖေလုံးကြီးတာလို့ ပြောပါတယ်။ ငှက်ဖျားဖြစ်ဖူးတာကြောင့်လို့ ပြောပါတယ်။ သိပ်ကြီးလာရင်တော့ ခွဲစိတ်ထုတ်ရမယ်လို့ပြောပါတယ်။ ဖေလုံးကြီးတာကို သက်သာပျောက်ကင်းစေနိုင်မဲ့ ဆေးနည်းတွေရှိရင် သိလိုပါတယ်။ ကျေးဇူးပြုပြီး ညွှန်ပြပေးပါ။**

ဖြေ ။ ။ ဖေလုံးရောဂါဟာ ငှက်ဖျားရောဂါကြောင့် ဒါမှမဟုတ် အခြားသွေးရောဂါတစ်ခုခုကြောင့် သွေးနီဉတွေပျက်စီးတာများတဲ့ရောဂါလို့ဆိုပါတယ်။ ပျက်စီးသွားတဲ့သွေးနီဉတွေကို သိုလှောင်ပေးရင်း သရက်ရွက်ကြီးလာတာကို ဖေလုံးကြီးတယ်လို့ ခေါ်ကြပါတယ်။ မတော်တဆ ထိခိုက်မိရင်တောင် ဖေလုံးကွဲပြီးဝမ်းဗိုက်အတွင်းမှာ သွေးယိုစီးတာဖြစ်နိုင်လို့ ဖေလုံးရှိသူကို မကာန်မိအောင်၊ မှောက်လျက်ချော်မလဲအောင် အထူးဂရုစိုက်ရပါတယ်။ တိုင်းရင်းဆေးနည်းတွေမှာ ဖေလုံးကိုသက်သာစေနိုင်တဲ့ အောက်ပါနည်းလမ်းတွေကို မှတ်သားထားရဖူးပါတယ်။

၁။ ငုရွက်ကို ထန်းလျက်နဲ့ ရောကျိုပြီး အကြမ်းပန်းကန်တစ်လုံးစာ မနက်၊ ညသောက်ပါ။

၂။ ဖေလုံးကြီးရင် ကြက်အမြစ်ကို ပင်စိမ်းနဲ့ ရောချက်စားပါ။

၃။ စပါးလင်ကိုထောင်း အရည်ညှစ်ယူ ဟင်းစားဇွန်းတစ်ဇွန်း ပျားရည်တစ်ဇွန်းနဲ့ စပ်သောက်ပါ။ ဖေလုံးအောင့်တာ သက်သာစေနိုင်ပါတယ်။

၄။ ရှားစောင်းလက်ပပ်အနှစ်ကိုကျိုချက်ထားတဲ့မှတ်ခါးကို ပျားရည်၊ ထန်းလျက်တို့နဲ့ ကျိုသောက်ရင် ဖေလုံးကြီးတာကို သက်သာစေနိုင်ပါတယ်။

၅။ ရှမ်းဆေးခါးပင် အစိုဖြစ်ဖြစ်၊ အခြောက်ဖြစ်ဖြစ် ထန်းလျက်နဲ့ ရောကျိုပြီး အကြမ်းပန်းကန်တစ်လုံးစာ တစ်လလောက် နေ့စဉ်စွဲသောက်ပေးပါ။ ဖေလုံးအောင့်ရောဂါသက်သာစေပါတယ်။

၆။ ရှိန်းခိုကို နှစ်ပဲသားလောက် နေ့စဉ်မျိုချပေးရင် ငှက်ဖျားကြောင့်ဖြစ်တဲ့ ဖေလုံးကြီးရောဂါကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# သစ်တစ်ပင်ကောင်းသော်

- သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်းတည့်
ရွက်လောင်းယှက်စိပ်
မြသက်ရိပ်တွင်
ချွေးသိပ်နားခိုစရာတည်း။

- နားခိုလျက်မှာ
တစ်သက်တာတွက်
ဆက်ခါမတွေး
ခဏလေးလည်း
တစ်မေ့းခဏ
ပန်းပြေလှ၍
ဘဝခရီး
အပြီးမနှင်
ဤတဒင်္ဂ
ကြုံချိန်ရပြီး
အပင်ကြီးတွက်
ရေတစ်စက်မျှ
လောင်းဆက်ရသော်
ငှက်ဆွေအပေါင်း
သိန်းသောင်းမက
နားခိုကြလျက်
ပွားဆက်အကျိုး
သယ်ပိုးသူမှာ
သင်သာဖြစ်သင့်သည်တကား။ ။

**ပါမောက္ခကိုကိုအောင်**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ ထောပတ်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၂၃ သန်း ရရှိခဲ့

**နေပြည်တော် ဇူလိုင် ၁၄**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ ထောပတ်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၂၃ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ထောပတ်ပဲသည် ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိနေသည့် ပဲအမျိုးအစားဖြစ်ပြီး ထောပတ်ပဲကို ဂျပန်၊ တရုတ်၊ ဒိန်းမတ်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ အီတလီ၊ ဩစတြေးလျ၊ ချီလီ၊ နယူးဇီလန်နိုင်ငံတို့သို့ တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ ထောပတ်ပဲများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၄၆ သန်းဖိုး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၇၇ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရသဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၂၃ သန်း နိုင်ငံခြားဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ထောပတ်ပဲ စိုက်ပျိုးဧက ၁၆၀၀၀၀ ကျော်ရှိနေပြီး မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ထောပတ်ပဲကို မိုးရာသီတွင် ဇွန်လနှင့် ဇူလိုင်လ၌ စိုက်ပျိုးပြီး အောက်တိုဘာလ၊ နိုဝင်ဘာလတွင်ထွက်ရှိကာ ဆောင်းရာသီတွင် အောက်တိုဘာလနှင့် ဒီဇင်ဘာလ၌ စိုက်ပျိုးပြီး ဇန်နဝါရီလ၊ မတ်လတွင် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ပြည်တွင်းထောပတ်ပဲ ဈေးကွက်များ၌ ထောပတ်ပဲ ရာသီပေါ်ချိန် မတ်လတွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိခဲ့ပြီး ဇွန်လကုန်၊ ဇူလိုင်လဆန်းမှစ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ထိ ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း၊ လက်ရှိတွင် ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်၌ ပြည်ပတင်ပို့သည့် FOB (Free on Boat) ပေါက်ဈေးနှုန်းများမှာ ထောပတ်ပဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၃၅ ဒေါ်လာမှ ၁၁၆၅ ဒေါ်လာ၊ အခွံချွတ်အခြမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၃၅ ဒေါ်လာမှ ၁၂၆၅ ဒေါ်လာရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL



# ဘားအံမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဖုန်းပြင်သင်တန်းဆင်း

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဖုန်းပြင်သင်တန်းဆင်းပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အခြေခံဖုန်းပြင်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားတတ်မြောက်ခဲ့သော အခြေခံဖုန်းပြုပြင်ခြင်းဆိုင်ရာ ပညာရပ်များကို မြေပြင်တွင် လက်တွေ့အသုံးချကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က ထူးချွန်သင်တန်းသားများကို ဂုဏ်ပြုဆုချီးမြှင့်ပြီး ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားခြောက်ဦးနှင့် သင်တန်းသူငါးဦး စုစုပေါင်း ၁၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဇူလိုင် ၃ ရက်မှ ၁၂ ရက်ထိ ၁၀ ရက်ကြာ ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# နမ့်ခမ်းမြို့နယ် ကုန်းဆာကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နမ့်စမ်း ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကုန်းဆာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်းနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများက အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးထံမှ သိရသည်။

**ကျော်ရိုး**

# နိုင်ငံတကာ သတင်းများ

## ဂျပန်ဝန်ကြီးချုပ်ကီရှီဒါ ဆော်ဒီအာရေဗျ၊ ယူအေအီးနှင့် ကာတာနိုင်ငံတို့သို့ သွားရောက်မည်

**တိုကျို ဇူလိုင် ၁၄**

ဂျပန်ဝန်ကြီးချုပ်ကီရှီဒါသည် ယခုလအတွင်း အရှေ့အလယ်ပိုင်းဒေသများဖြစ်သည့် ဆော်ဒီအာရေဗျ၊ အာရပ်ဆော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့်ကာတာနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ်ကီရှီဒါသည် ရေနံဈေးကွက်များအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

စွမ်းအင်သယံဇာတချို့တဲ့သည့် ဂျပန်နိုင်ငံသည် ၎င်း၏စွမ်းအင်လိုအပ်ချက်အတွက် ရေနံထုတ်လုပ်တင်ပို့သူနိုင်ငံများအသင်း(အိုပက်)အပေါ် အားထားနေရသည်။

ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့သည် အိုပက်အုပ်စု၏ အဓိကအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး ကာတာနိုင်ငံက ဂျပန်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်းမျှသာ ဖြည့်ဆည်းပေးနေသည့်နိုင်ငံဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် အနေဖြင့် ဆော်ဒီအာရေဗျ၊ ယူအေအီးနှင့် ကာတာနိုင်ငံတို့သို့ ဇူလိုင် ၁၆ ရက်မှ ၁၉ ရက်ထိ သွားရောက်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူများက ပြောကြားထားသည်။

ယူကရိန်း ပြဿနာကြောင့် ရေနံစိမ်းဈေးနှုန်းများမြင့်တက်နေချိန်တွင် စွမ်းအင်ဈေးကွက်များ တည်ငြိမ်ရေးအတွက် အဆိုပါနိုင်ငံများနှင့် အမြင်ချင်းဖလှယ်နိုင်ရန် အရေးကြီးကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက သုံးသပ်ထားကြောင်း သိရသည်။

KKO

# တရုတ်နှင့် တရုတ်(တိုင်ပေ)တို့၏ အဖွဲ့ဝင်အဖြစ်လျှောက်ထားမှု စီပီတီပီပီနိုင်ငံများက ပထမဆုံးအကြိမ်ဆွေးနွေးမည်




**ဝယ်လ်လင်တန် ဇူလိုင် ၁၄**

တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့၏ အဖွဲ့ဝင်အဖြစ် အဆိုပြုလျှောက်လွှာများကို ပစိဖိတ်ဖြတ်ကုန်သွယ်ရေးမိတ်ဖက် သဘောတူညီချက်(စီပီတီပီပီ)အဖွဲ့ဝင်နိုင်ငံများက ပထမဆုံးအကြိမ်အဖြစ် ဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီပီတီပီပီအဖွဲ့ဝင်နိုင်ငံများ၏ ဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်တွင် နယူးဇီလန်နိုင်ငံ အုတ်ကလန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်နှင့် တရုတ်(တိုင်ပေ)တို့၏ အဖွဲ့ဝင်အဖြစ် ပါဝင်အဆိုပြုလျှောက်ထားချက်များနှင့်ပတ်သက်၍ စီပီတီပီပီအဖွဲ့ဝင်နိုင်ငံများက ပထမဆုံးအကြိမ်အဖြစ် ဆွေးနွေးမည်ဖြစ်ကြောင်း နယူးဇီလန်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သည် ၂၀၂၁ ခုနှစ်အတွင်း စီပီတီပီပီသဘောတူညီချက်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရရှိရေး အဆိုပြုလျှောက်ထားလွှာများကို သီတင်းတစ်ပတ်ခန့်သာခြား၍ အပြိုင်တင်သွင်းခဲ့ရာ စီပီတီပီပီအဖွဲ့ဝင်နိုင်ငံများအကြား သဘောထားကွဲလွဲခဲ့ရသည်။

တရုတ်(တိုင်ပေ)ကို ပြည်မကြီးအချုပ်အခြာပိုင် နယ်မြေအဖြစ် သတ်မှတ်ထားသည့် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)၏ စီပီတီပီပီအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို ကန့်ကွက်ထားသည်။

စီပီတီပီပီကုန်သွယ်ရေးမိတ်ဖက်သဘောတူညီချက်သည် အာရှပစိဖိတ်နိုင်ငံ ၁၁ နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော ကုန်သွယ်ရေးမိတ်ဖက် သဘောတူညီချက်ဖြစ်ကြောင်း သိရသည်။ KKO

## ဗင်ဇွဲလားအာဏာရပါတီ နိုင်ငံရေးအခမ်းအနားသို့ ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း မေဝဲသာ တက်ရောက်

**ဟာဗားနား ဇူလိုင် ၁၄**

ကမ္ဘာကျော်အမေရိကန်လက်ဝှေ့ချန်ပီယံဟောင်း ဖလွိုက်မေဝဲသာသည် ဗင်ဇွဲလားနိုင်ငံ၌ လက်ရှိအာဏာရပါတီက ကျင်းပသည့် နိုင်ငံရေးအခမ်းအနား တစ်ခုသို့ ဇူလိုင် ၁၃ ရက်က တက်ရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လာမည့်လတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ လက်ရှိအာဏာရ ဗာနူး-ပီအက်ဖ်ပါတီ၏ လူငယ်မဲဆန္ဒရှင်များ စည်းရုံးရေးအစီအစဉ်အရ အဆိုပါအခမ်းအနားသို့ ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း မေဝဲသာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဗာနူး-ပီအက်ဖ်ပါတီ နိုင်ငံရေးအခမ်းအနားသို့ တက်ရောက်ရေးအတွက် မေဝဲသာကို လက်ရှိဗင်ဇွဲလားသမ္မတ အမ်နန်ဂါဂွါ၏ မဟာမိတ်တစ်ဦးက ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

အသက် ၄၆ နှစ်ရွယ် မေဝဲသာသည် အဆိုပါအခမ်းအနားတွင် ဗင်ဇွဲလားပြည်သူများနှင့်တွေ့ဆုံခဲ့ပြီး ဗင်ဇွဲလားလက်ဝှေ့သမားများ၏ပြိုင်ပွဲ သုံးပွဲကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

ဗင်ဇွဲလားနိုင်ငံသည် လာမည့်ဩဂုတ်လတွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားပြီး အသက် ၈၀ အရွယ် လက်ရှိသမ္မတ အမ်နန်ဂါဂွါသည် သမ္မတရာထူးသက်တမ်း ဒုတိယအကြော်အတွက် အဆိုပါရွေးကောက်ပွဲ၌ ထပ်မံ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ KKO



# နိုင်ဂျီးရီးယားသမ္မတတီနူဘူက ဆင်းရဲသည့်အိမ်ထောင်စုများအတွက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာ ထောက်ပံ့ရန်စီစဉ်

**အဘူဂျာ ဇူလိုင် ၁၄**

ဆင်းရဲသည့် နိုင်ဂျီးရီးယားအိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာ လစဉ်ထောက်ပံ့ရန် နိုင်ဂျီးရီးယားသမ္မတတီနူဘူက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

ဆင်းရဲသည့်မိသားစုများအတွက် အိမ်ထောင်စုတစ်စုလျှင် တစ်လ ၁၀ ဒေါ်လာထောက်ပံ့မည့်အစီအစဉ်ကို သမ္မတတီနူဘူက ဇူလိုင် ၁၃ ရက်တွင် လွှတ်တော်သို့စာရေးသားပေးပို့အသိပေးထားသည်။




ပြည်သူများ နေ့စဉ်ရင်ဆိုင်နေရသည့် ဘဝဒုက္ခများလျော့ပါးသက်သာစေရေးအတွက် ဆင်းရဲသော မိသားစုများကို တစ်လလျှင် ၁၀ ဒေါ်လာနှုန်းဖြင့် ခြောက်လ ထောက်ပံ့ ပေးမည်ဖြစ်ကြောင်း သမ္မတတီနူဘူ၏ပေးစာ၌ ဖော်ပြထားသည်။

အဆိုပါထောက်ပံ့ရေးအစီအစဉ်အတွက် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကို အသုံးပြုမည်ဖြစ်ပြီး ၎င်းအစီအစဉ်၏ အကျိုးကျေးဇူးကို နိုင်ဂျီးရီးယားအိမ်ထောင်စု ၁၂ သန်း ခံစားနိုင်မည်ဖြစ်ကြောင်း သမ္မတတီနူဘူက ပြောကြားထားသည်။

ဓာတ်ဆီဝယ်ယူတင်သွင်းရေးအတွက် နိုင်ငံတော်၏ငွေကြေးထည့်ဝင်မှုကို အဆုံးသတ်ခဲ့ပြီးနောက် ဆင်းရဲသည့်မိသားစုဝင်များကို ၁၀ ဒေါ်လာ လစဉ်ထောက်ပံ့ရန် နိုင်ဂျီးရီးယားအစိုးရ စီစဉ်ထားခြင်းဖြစ်သည်။

သမ္မတတီနူဘူသည် ပြီးခဲ့သည့်မေလက သမ္မတရာထူးရယူခဲ့ပြီးနောက် ပထမဆုံးနေ့မှာပင် ဓာတ်ဆီဝယ်ယူ တင်သွင်းရေးအတွက် နိုင်ငံတော်စရိတ်ထည့်ဝင်မှုကို အဆုံးသတ်ခဲ့ရာ နိုင်ဂျီးရီးယား၌ ဓာတ်ဆီဈေး နှစ်ဆမြင့်တက်ခဲ့ပြီး ပြည်သူများ ဒုက္ခရောက်ခဲ့ကြောင်း သိရသည်။ KKO

# ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ရေနံလိုအပ်ချက် တစ်ရက်လျှင် စည်ပေါင်း ၂ ဒသမ ၂၅ သန်းထိရှိနိုင်

**ဗီယင်နာ ဇူလိုင် ၁၄**

စီးပွားရေးအရ ရုန်းကန်ရနိုင်သည့်တိုင် တရုတ်နှင့်အိန္ဒိယတို့၏ ရေနံဝယ်လိုအား ဆက်လက်မြင့်တက်နေမှုကြောင့် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ရေနံဝယ်လိုအားမှာ အနည်းငယ် ဆက်လက်မြင့်တက်လာနိုင်ကြောင်း ရေနံထုတ်လုပ်တင်ပို့သူနိုင်ငံများအသင်း(အိုပက်)၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဇူလိုင် ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ရေနံစိမ်းဝယ်လိုအားမှာ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၂ ဒသမ ၂၅ သန်းထိရှိလာနိုင်ကြောင်း အိုပက်အဖွဲ့က ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သော လစဉ်အစီရင်ခံစာ၌ သုံးသပ်ထားသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ရေနံဝယ်လိုအားသည် ၂၀၂၃ ခုနှစ်ဝယ်လိုအားနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၂ ရာခိုင်နှုန်း ပိုမြင့်မားလာနိုင်သည့်သဘောဖြစ်သည်။

အိုပက်၏အဆိုပါခန့်မှန်းချက်သည် နိုင်ငံတကာစွမ်းအင်အေဂျင်စီက ခန့်မှန်းထားသော ၂၀၂၄ ခုနှစ်ကမ္ဘာ့ရေနံဝယ်လိုအားထက် နှစ်ဆပိုများသည့်အပြင် ၂၀၂၄ ခုနှစ်ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းသည် ၂ ဒသမ ၅ ရာခိုင်နှုန်းထိရှိလာနိုင်သည်။

၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ရေနံဝယ်လိုအားမှာ တစ်ရက်လျှင် ၂ ဒသမ ၄၄ သန်းထိရှိခဲ့သည်ဟု အိုပက်အဖွဲ့က ခန့်မှန်းထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## လကမ္ဘာမျက်နှာပြင်ဥက္ကာချိုင့်ဝှမ်းများ၏ သက်တမ်းသည် ကျွမ်းကျင်သူများ ယခင်ခန့်မှန်းထားသည်ထက် ပို၍ရှေးကျနိုင်



**ပဲရစ် ဇူလိုင် ၁၄**

လကမ္ဘာမျက်နှာပြင်ဥက္ကာချိုင့်ဝှမ်းများ၏ သက်တမ်းသည် ကျွမ်းကျင်သူများ ယခင်ခန့်မှန်းထားသည်ထက် ပို၍ရှေးကျနိုင်ကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

ပြင်သစ်နှင့် နော်ဝေနိုင်ငံတို့မှ သိပ္ပံပညာရှင်များသည် လမျက်နှာပြင်ပေါ်ရှိ အမ်ဘရီယမ်လွင်ပြင်အမည်ရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေကို လေ့လာခဲ့ကြသည်။

အမ်ဘရီယမ်လွင်ပြင်ဒေသသည် နေအဖွဲ့အစည်းအတွင်းရှိ ဥက္ကာချိုင့်ဝှမ်းများအနက် အရွယ်အစားအကြီးမားဆုံး ဥက္ကာချိုင့်ဝှမ်းများထဲတွင် ပါဝင်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမ်ဘရီယမ်လွင်ပြင်သည် လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံအောက်တွင် ယနေ့ခေတ်စစွလီကျွန်းအရွယ် ဂြိုဟ်သိမ်တစ်စင်းကျရောက်မှုကြောင့် ပေါ်ထွက်လာရခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမ်ဘရီယမ်လွင်ပြင်သည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၉ ဘီလီယံခန့်က ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင်များက ယခင်က ခန့်မှန်းထားသည်။

သို့ရာတွင် မိမိတို့ဖော်ထုတ်တွက်ချက်ထားသည့် အမ်ဘရီယမ်လွင်ပြင်၏သက်တမ်းမှာ ယခင်ခန့်မှန်းထားသည်ထက်ပို၍ ရှေးကျနေသည်ဖြစ်ရာ လပေါ်ရှိအခြားဥက္ကာချိုင့်ဝှမ်းများ၏ သက်တမ်းမှာလည်း မျှော်လင့်ထားသည်ထက်ပို၍ ရှေးကျနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြန်လည်တွက်ချက်ထားကြောင်း သိရသည်။ KKO

## United Launch Alliance (ULA) က ဗောလ်ကန်စင်တော်အမည်ရှိ အကြီးစားဝန်တင်ဒုံးပျံသစ် လွှတ်တင်ရေးအစီအစဉ်ကို ဆက်လက်ဆိုင်းငံ့ထား

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် United Launch Alliances (ULA) သည် ဗောလ်ကန်စင်တော်အမည်ရှိ အကြီးစားဝန်တင်ဒုံးပျံသစ် လွှတ်တင်ရေးအစီအစဉ်ကို ဆက်လက်ဆိုင်းငံ့ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

ULA သည် ဗောလ်ကန်စင်တော်ဒုံးပျံကို ယခုနှစ် မေလတွင် ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထားသည်။

သို့ရာတွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ယိုစိမ့်မှုပြဿနာကြောင့် ဗောလ်ကန်စင်တော်ဒုံးပျံ၏ မေလ မစ်ရှင်ကို ဖျက်သိမ်းခဲ့ရသည်။

လက်ရှိအချိန်တွင် အထက်ပါ ပြဿနာနှင့်ပတ်သက်၍ ပြုပြင်ပြင်ဆင်မှုများ ပြုလုပ်ရေးအတွက် ဗောလ်ကန်စင်တော်ဒုံးပျံလွှတ်တင်ရေးအစီအစဉ်ကို ယခုနှစ် နှစ်ကုန်ပိုင်းထိ ဆက်လက်ဆိုင်းငံ့ထားမည်ဖြစ်သည်ဟု ULA က ကြေညာထားကြောင်း သိရသည်။



ဗောလ်ကန်စင်တော်ဒုံးပျံသည် ULA ၏ ပထမဆုံးမီသိန်းလောင်စာသုံး ဒုံးပျံဖြစ်ပြီး ဘိုးအင်းကုမ္ပဏီ၊ လော့ဟိစ်မာတင်ကုမ္ပဏီတို့နှင့် ပူးတွဲတည်ဆောက်ထားသည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။

ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်မှု အောင်မြင်ခဲ့ပါက ဗောလ်ကန်စင်တော်ဒုံးပျံကို လက်ရှိအသုံးပြုနေသည့် အက်တလပ်စ်-၅ ဒုံးပျံနှင့် ဒယ်လ်တာ-၄ ဒုံးပျံများနေရာ၌ အစားထိုးအသုံးပြုရန် ULA က စီစဉ်ထားကြောင်း သိရသည်။ KKO

## နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းလွင်ပြင်၌ ဇီဝမော်လီကျူးများ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း လွင်ပြင်၌ ဇီဝမော်လီကျူးများ ရှာဖွေတွေ့ရှိထားကြောင်းThe Daily Mail သတင်းစာက ဇူလိုင် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇီဝမော်လီကျူးများသည် အင်္ဂါဂြိုဟ်ပေါ်တွင်တစ်ချိန်က သက်ရှိများရှင်သန်ခဲ့ဖူးခြင်းရှိ၊ မရှိ ပြသနိုင်ဖွယ်ရှိသည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေသည် ရှေးအတိတ်ကာလက ရေကန်ကြီးတစ်ခုရှိခဲ့ဖူးရာနေရာဖြစ်ရာ ၎င်းဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ အင်္ဂါဂြိုဟ် ရှေးဟောင်းသက်ရှိများ၏ သဲလွန်စများကို ရှာဖွေနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ယူဆထားသည်။

သို့ရာတွင် အင်္ဂါဂြိုဟ်ပေါ်ရှိ ဇီဝမော်လီကျူးများသည် သက်ရှိများနှင့်ဇီဝဖြစ်စဉ်များကြောင့် ပေါ်ထွက်လာနိုင်သလို ဇီဝဖြစ်စဉ်မဟုတ်သည့်အကြောင်းတရားများကြောင့်လည်း ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ဝန်ခံထားသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက အင်္ဂါဂြိုဟ် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့သည်။

နောက်ပိုင်းကာလများတွင် နိုင်ငံတကာသိပ္ပံပညာရှင်များသည် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်၏ အကူအညီဖြင့် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းဘူမိဖွဲ့စည်းပုံကို လေ့လာနိုင်ခဲ့ကြကြောင်း သိရသည်။ KKO

# HEALTH

## ကူးစက်ခံရသူ ၇၀ ရာခိုင်နှုန်း အသက်ဆုံးပါးနိုင်သည့် ရောဂါတစ်မျိုး အမေရိကန်နိုင်ငံ၌ ဖော်ထုတ်တွေ့ရှိထား

**နယူးယောက် ဇူလိုင် ၁၄**

ကူးစက်ခံရပါက ကူးစက်ခံရသူ ၇၀ ရာခိုင်နှုန်းအသက်ဆုံးပါးနိုင်သည့် ရောဂါတစ်မျိုးကို အမေရိကန်နိုင်ငံ၌ ဖော်ထုတ်တွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်အတွင်းရှိ အမျိုးသား ဥယျာဉ်တွင် Orientia Tsutsugamushi ခေါ် ဗက်တီးရီးယားတစ်မျိုးကို တွေ့ရှိထားရကြောင်း သိရသည်။

အဆိုပါ ဗက်တီးရီးယားသည် Scrub Typhus ခေါ် ရောဂါတစ်မျိုးကို ဖြစ်ပွားစေတတ်သော ဗက်တီးရီးယားတစ်မျိုးဖြစ်သည်။

Orientia Tsutsugamushi ဗက်တီးရီးယားကြောင့် Scrub Typhus ရောဂါဖြစ်ပွားပါက အဆုတ်နှင့် နှလုံးအင်္ဂါများထိခိုက်ပျက်စီး၍ အသက်ပင် ဆုံးပါးနိုင်ကြောင်း သိရသည်။

အဆိုပါ ဗက်တီးရီးယားကို အမေရိကန်နိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိရခြင်းဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လက်ရှိအချိန်တွင် တောင်ကာရိုလိုင်းနားဒေသ၌ Orientia Tsutsugamushi ဗက်တီးရီးယားကြောင့် Scrub Typhus ရောဂါဖြစ်ပွားသူ မတွေ့ရသေးကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## Pembrolizumab ဆေးကို အခြားကုထုံးဖြင့် ပေါင်းစပ်ပါက NSCLC လူနာ၏ ကင်ဆာဆဲလ်များအရွယ်အစားကို လျှော့ချပေးနိုင်

**နယူးယောက် ဇူလိုင် ၁၄**


Pembrolizumab အမည်ရှိ ဆေးကို အခြားကုထုံးများဖြင့် ပေါင်းစပ်အသုံးပြုပါက NSCLC ခေါ် အဆုတ်ကင်ဆာရောဂါတစ်မျိုး ခံစားနေရသူလူနာများ၏ ကင်ဆာဆဲလ်များအရွယ်အစားကို လျှော့ချပေးနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

Pembrolizumab ဆေးသည် အဆင့်-၃ Non-Small Cell Lung Cancer (NSCLC) လူနာများအတွက် အသုံးပြုခွင့်ပေးထားသည့် ဆေးဖြစ်သော်လည်း လူနာအနည်းငယ်ကသာ ကုထုံးကိုတုံ့ပြန်နိုင်စွမ်းရှိကြောင်း သိရသည်။

သို့ရာတွင် ၎င်းကုထုံးကို Lenvatinib၊ Quavonlimab သို့မဟုတ် Pavezelimab စသည့်ကုထုံးများနှင့် ပေါင်းစပ်အသုံးပြုချိန်တွင် NSCLC လူနာများ၏ကုထုံးအပေါ် တုံ့ပြန်နိုင်စွမ်းအားကောင်းလာပြီး ကင်ဆာဆဲလ်များ အရွယ်အစားသေးငယ်သွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် စမ်းသပ်မှုတွင်ပါဝင်သော NSCLC လူနာများကို အုပ်စုလေးစုခွဲ၍ Pembrolizumab နှင့်အခြားကုထုံးများကို ပေါင်းစပ်ကုသခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Pembrolizumab နှင့်အခြားကုထုံးများကို ပေါင်းစပ်အသုံးပြုချိန်တွင် NSCLCလူနာများ၏အသက်ရှင်ခွင့် အလားအလာကိုမြှင့်တင်ပေးနိုင်သည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# နော်တင်ဟမ်အသင်းက ဖူလ်ဟမ်အသင်းမှ ဝီလျံကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၄**

ပြီးခဲ့သည့် ဘောလုံးရာသီက ဖူလ်ဟမ်အသင်းသို့ တစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သည့် ကွင်းလယ်ကစားသမားဝီလျံကို နော်တင်ဟမ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၄ နှစ်ရှိ ဝီလျံသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဖူလ်ဟမ်အသင်း၌ ပြိုင်ပွဲစုံ ပွဲ ၃၀ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး ကွင်းလယ်ပိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သဖြင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ဖူလ်ဟမ်အသင်းက သက်တမ်းတစ်နှစ်တိုးရန် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားအနေဖြင့်ငြင်းဆိုခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ဘက် နော်တင်ဟမ် အသင်းသို့သာ ပြောင်းရွှေ့ခဲ့သည်။

ဝီလျံသည် ၂၀၁၃ ခုနှစ်က ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းသို့ရောက်ရှိခဲ့ပြီး ချဲလ်ဆီးအသင်းတွင် ဘောလုံးရာသီခုနစ်ရာသီကစားခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း ပွဲကစားခွင့်ပျောက်ဆုံးခဲ့သောကြောင့် ၂၀၂၁ ခုနှစ်တွင် ကစားသမားဘဝစတင်ခဲ့သည့် ဘရာဇီးကလပ် ကိုရင်သီယန်အသင်းသို့ပြန်လည်ပြောင်းရွှေ့ခဲ့ရာ ပုံမှန်ခြေစွမ်းပြန်လည်ရရှိခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ပရီးမီးယားလိဂ်ကလပ် ဖူလ်ဟမ်အသင်းသို့ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရခဲ့သည့် နော်တင်ဟမ်အသင်းသည် ကစားသမားအပြောင်းအရွှေ့များတွင် ကစားသမားခေါ်ယူမှုအများဆုံး ပြုလုပ်ခဲ့ကာ အသင်းကိုပရီးမီးယားလိဂ်တွင် ဆက်လက်ကစားခွင့်ရရှိအောင် ကြိုးစားနိုင်ခဲ့သော်လည်း လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုမပြုလုပ်နိုင်သေးဘဲ ကွင်းလယ်ကစားသမား ဝီလျံ တစ်ဦးတည်းသာ ပထမဆုံး ခေါ်ယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုများရှိခဲ့သည့် မန်ယူအသင်းကို ယူရို ၃၀၀၀၀၀ နှင့် ဘာစီလိုနာအသင်းကို ယူရို ၅၀၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ယူအီးအက်ဖ်အေက ထုတ်ပြန်ကြေညာခဲ့သည်။
- လိုက်ပ်ဇစ်အသင်းက လန်းအသင်းတိုက်စစ်မှူး အိုပန်ဒါကို ပြောင်းရွှေ့ကြေး ယူရို ၄၂ သန်းဖြင့်ခေါ်ယူ၍ ၂၀၂၈ ခုနှစ်ထိ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက အသင်းကထွက်ခွာမည့် ခံစစ်ကစားသမား ဝေါ်လ်ကာ၏နေရာတွင် အစားထိုးရန်အတွက် ဘိုင်ယန်မြူးနစ်အသင်း ခံစစ်ကစားသမား ပါဗက်ကိုခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- ဝက်စ်ဟမ်းအသင်းက ဒီကလန်ရိုက်ကို လက်လွှတ်ခဲ့ရသည့်အတွက် ဂျူဗင်တပ်အသင်းမှ ကွင်းလယ်ကစားသမား ဇာကာရီယားကို ပြောင်းရွှေ့ကြေး ယူရို ၁၁ သန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ML

# မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်းအတွက် ကစားသမားရွေးချယ်ပွဲ(ရန်ကုန်ဇုန်) ကျင်းပ




**ရန်ကုန် ဇူလိုင် ၁၄**

ဂျပန်နိုင်ငံ ချိဘားမြို့တွင် ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်ထိ ကျင်းပမည့် 11th U-12 Junior Soccer Worlds Challenge 2023 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ယူ-၁၂ အသင်း ကစားသမား ရွေးချယ်ပွဲ(ရန်ကုန်ဇုန်)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း(၁)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်း ကစားသမား ရွေးချယ်ပွဲ(ရန်ကုန်ဇုန်)သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့်တာဝန်ရှိသူများ၊ သတင်းမီဒီယာများနှင့် ပြိုင်ပွဲဝင်ကစားသမားများနှင့် မိဘအုပ်ထိန်းသူများတက်ရောက်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်း ကစားသမားရွေးချယ်ပွဲကို ရန်ကုန်ဇုန်နှင့် မန္တလေးဇုန်ခွဲခြား ကျင်းပမည်ဖြစ်ပြီး ရန်ကုန်ဇုန်အတွက် ကစားသမားရွေးချယ်ပွဲကို ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကာ မန္တလေးဇုန်အတွက် ကစားသမားရွေးချယ်ပွဲကို ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် 11th U-12 Junior Soccer Worlds Challenge 2023 ပြိုင်ပွဲတွင် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ဘာစီလိုနာအသင်း၊ ဂျူဗင်တပ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း စသည့်အသင်းများမှ ယူ-၁၂ အသင်းများအပြင် ဂျေလိဂ်ပြိုင်ပွဲမှ လူငယ်အသင်းများဖြင့် စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ကစားသမားစေလွှတ်မှုမှ ဝင်ငွေအများဆုံးရရှိသည့် အသင်းများစာရင်းတွင် မန်စီးတီးအသင်း ထိပ်ဆုံး၌ရပ်တည်

**မန်ချက်စတာ ဇူလိုင် ၁၄**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမားစေလွှတ်မှုမှ ဝင်ငွေအများဆုံးရရှိသည့် အသင်းများစာရင်းတွင် မန်စီးတီးအသင်းက ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ကလပ်အသင်းများအနေဖြင့် ကစားသမားစေလွှတ်ပေးရမှုအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံမှ သတ်မှတ်ချက်အလိုက်ငွေကြေးများရရှိခဲ့ပြီး ပြိုင်ပွဲဝင်ကစားသမားများအားလုံးအတွက် အမေရိကန်ဒေါ်လာ ၂၀၉ သန်းပေးချေခဲ့ရာမှ မန်စီးတီးအသင်းက ဒေါ်လာ ၄ ဒသမ ၆ သန်းထိရရှိခဲ့ပြီး ဝင်ငွေအများဆုံးအသင်းအဖြစ် ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကလပ်အသင်းများကို ကစားသမားစေလွှတ်ပေးရမှုအတွက် ပေးချေခဲ့ရသည့် အမေရိကန်ဒေါ်လာ ၂၀၉ သန်းအနက် ပရီးမီးယားလိဂ်ကလပ်အသင်းများက အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၇ သန်းထိရရှိခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံမှ ငွေအများဆုံးရရှိခဲ့သည့် လိဂ်ဖြစ်ခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကစားသမားစေလွှတ်ပေးရမှုအတွက် ပြိုင်ပွဲဝင် ကစားသမားများကို တစ်နေ့ချင်းစီ နေ့တွက်ခပေးချေခဲ့ရာမှ စုစုပေါင်းကလပ်အသင်း ၄၄ သင်းထံ ပေးချေခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ အီဒါဆန်၊ စတက်ဖန်၊ ဂွန်စတုန်း၊ ဝေါ်လ်ကာ၊ ကန်ဆယ်လို၊ လာပေါ်တီ၊ အကီ၊ အာကန်ဂျီ၊ ဒီယက်၊ ဂိုမက်၊ ဒီဘရိုင်း၊ ဆေးဗားလ်၊ ရှိဒရီ၊ ဂရီးလစ်ချ်၊ ဖိုဒန်၊ အယ်ဗာရက်ဇ် အစရှိသည့် ကစားသမားများကို စေလွှတ်ပေးခဲ့ရပြီး အဆိုပါကစားသမားများမှ အာဂျင်တီးနား အသင်းနှင့်အတူ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည့် အယ်ဗာရက်ဇ်က ဝင်ငွေအများဆုံးရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ဘုန်းမောက်အသင်းက လိုင်ယွန်အသင်းမှ ကွင်းလယ်ကစားသမားဖေးဗာကို စတာလင်ပေါင် ၁၂ ဒသမ ၈ သန်းဖြင့်ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၄**

ဘုန်းမောက် အသင်းသည် ကွင်းလယ်ပိုင်းဖြည့်တင်းရန်အတွက် ပြင်သစ်ကလပ် လိုင်ယွန်အသင်းမှ ကွင်းလယ်ကစားသမား ဖေးဗာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ ဒသမ ၈ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား ဖေးဗာသည် ပြီးခဲ့သည့် ဘောလုံးရာသီက လိုင်ယွန်အသင်းတွင် ရာသီဝက်ကစားခဲ့ပြီးနောက် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် လိုရီယန့်အသင်းသို့ ခြောက်လအငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ ၁၇ ပွဲ၌ သွင်းဂိုး ငါးဂိုးထိ ခြေစွမ်းပြသွင်းယူနိုင်ခဲ့သောကြောင့် ဘုန်းမောက်အသင်းက တိုက်စစ်ပိုင်းမြှင့်တင်ရန်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ ဒသမ ၈ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်ရှိ ဖေးဗာသည် ၂၀၁၄ ခုနှစ်က ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြင်သစ်ကလပ် တာဝါအသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် မိုနာကိုအသင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဘရက်စ်အသင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် လိုင်ယွန်အသင်းတို့သို့ ပြောင်းရွှေ့ကစားခဲ့သည်။

ဘုန်းမောက် အသင်းသည် နည်းပြဂယ်ရီအိုနေး လက်ထက်တွင် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီကုန်ဆုံးချိန်က အသင်းအနေဖြင့် အဆင့်(၁၄)တွင် ရပ်တည်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်လက နည်းပြအိုနေးနှင့် လမ်းခွဲခဲ့ကာ လက်ရှိတွင် စပိန်လူမျိုး နည်းပြအီရာအိုလာကို ခန့်အပ်ခဲ့ကာ ယခုအပြောင်းအရွှေ့ကာလတွင် အသင်းကိုပြောင်းလဲမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



ML

# နွေရာသီအပြောင်းအရွှေ့ဈေးကွက် တန်ကြေးအကြီးဆုံးဂိုးသမားစာရင်းတွင် အာဆင်နယ်အသင်းဂိုးသမား ရမ်ဒေးလ် ထိပ်ဆုံး၌ရပ်တည်



**လန်ဒန် ဇူလိုင် ၁၄**

နွေရာသီ အပြောင်းအရွှေ့ဈေးကွက် တန်ကြေးအကြီးဆုံး ဂိုးသမားစာရင်းတွင် အာဆင်နယ်အသင်းမှ ဂိုးသမားရမ်ဒေးလ်က စတာလင်ပေါင် ၇၉ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေသည်ဟု CIES.Com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဂိုးသမားရမ်ဒေးလ်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဧပြီလက ရှက်ဖီးယူနိုက်တက်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့ကာ အသင်းဂိုးသမားဟောင်း မာတီနက်ဇ်ကိုကျော်ဖြတ်ပြီး ပွဲထွက်ဂိုးသမားအဖြစ်ပါ လက်စွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ရမ်ဒေးလ်သည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အာဆင်နယ်အသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့ကာ ၁၄ ပွဲထိ ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး မန်ယူအသင်းမှ ဂိုးသမား ဒီဂီယာပြီးလျှင် ဂိုးမပေးရသည့် ပွဲအများဆုံး ဂိုးသမားအဖြစ် ရပ်တည်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားများထဲတွင် ပါဝင်နိုင်ခဲ့သူဖြစ်သည်။

လက်ရှိဈေးကွက် တန်ကြေးအများဆုံး ဂိုးသမားများစာရင်းတွင် ရမ်ဒေးလ်၏နောက်တွင် ပီအက်စ်ဂျီအသင်းမှ ဒွန်နာရမ်မာက စတာလင်ပေါင် ၇၅ သန်း၊ လီဗာပူးအသင်းမှ အယ်လစ်ဆင်ဘက်ကာက ၆၇ သန်း၊ ပေါ်တိုအသင်းမှ ကော်စတာက ၆၅ သန်း၊ မန်စီးတီးအသင်းမှ အီဒါဆန်က ၅၇ သန်း၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ကော့တွိုက်က ၅၂ သန်း၊ ဒေါ့မွန်အသင်းမှ ကိုဘယ်က ၄၈ သန်း၊ အေဗီကိုအသင်းမှ အော့ဘလက်က သန်း ၄၀၊ အင်တာမီလန်အသင်းမှ အိုနာနာက ၃၇ သန်းနှင့် နာပိုလီအသင်းမှ မီရက်က ၃၆ သန်းတို့ဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။

STA

# အာရှဘောလုံးအဖွဲ့ချုပ်က ထိုင်းနှင့်အင်ဒိုနီးရှားအသင်းတို့မှ တာဝန်ရှိသူများနှင့်ကစားသမားများကို ပြစ်ဒဏ်ချမှတ်

**ကွာလာလမ်ပူ ဇူလိုင် ၁၄**

(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင်ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်အတွက် အာရှဘောလုံးအဖွဲ့ချုပ်က ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းမှ တာဝန်ရှိသူများနှင့် ကစားသမားများကို ပြစ်ဒဏ်များအသီးသီး ချမှတ်ခဲ့သည်ဟု ASEAN Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ထိုင်းအသင်းနည်းပြအဖွဲ့ဝင်များရှိသည့် ခုံတန်းရှေ့တွင်အောင်ပွဲခံခဲ့ရာမှ ခိုက်ရန်ဖြစ်ပွားမှုစတင်ခဲ့ပြီး နှစ်ဖက်အသင်း ကစားသမားများအပြင် နည်းပြအဖွဲ့ဝင်များပါ အဓိကရုဏ်းဖြစ်ပွားခဲ့သည့်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များကပင် ဝင်ရောက်ဖျန်ဖြေ ပေးခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်မှဖြစ်ရပ်အတွက် အဓိကရုဏ်းတွင်ပါဝင်ပတ်သက်သည့် အင်ဒိုနီးရှားအသင်းမှ ကစားသမားများဖြစ်သည့် ဖော်ဝါဇီကို ခြောက်ပွဲပယ်နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၊ ကိုမန်းတိဂူကို ခြောက်ပွဲပယ်နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၊ မူဆာလီဟူဒင်ကို ခြောက်ပွဲပယ်၊ ထိုင်းအသင်းမှ ကစားသမားများဖြစ်သည့် ဆိုပွန်ဝစ်ရက်ယက်ကို ခြောက်ပွဲပယ်နှင့် ဒေါ်လာ ၁၀၀၀ နှင့် ဆူပန်ပါဆက်ကို ခြောက်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားအသင်းမှ နည်းပြအဖွဲ့ဝင် လေးဦးနှင့် ထိုင်းအသင်းမှ နည်းပြအဖွဲ့ဝင် ငါးဦးကိုလည်း ပွဲပယ်ပြစ်ဒဏ်အပြင် ကစားသမားများကို ထိန်းသိမ်းမှုအားနည်းသည့်အတွက် ထိုင်းနိုင်ငံဘောလုံးအဖွဲ့ချုပ်ကိုလည်း အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပေးဆောင်စေရန်အတွက် ပြစ်ဒဏ်များအသီးသီး ချမှတ်ခဲ့ကြောင်း သိရသည်။ STA

# ချဲလ်ဆီးအသင်းက ကစားသမားအများစုကိုရောင်းချခဲ့ပြီးနောက် နေမာကိုခေါ်ယူရန် စတင်ကြိုးပမ်း




**လန်ဒန် ဇူလိုင် ၁၄**

ချဲလ်ဆီးအသင်းက လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ကစားသမားအများစုကို ရောင်းချခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် နေမာကို ခေါ်ယူရန်အတွက် စတင်ကြိုးပမ်းလျက်ရှိကြောင်း Onefootball သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကိုင်ဟာဗက်၊ မေဆင်မောင့်၊ ကူလီဘာလေ၊ မန်ဒီ၊ ပူလီဆစ် အစရှိသည့်ကစားသမားအများစုကို ရောင်းချခဲ့ပြီးနောက် စတာလင်ပေါင် သန်း ၂၀၀ ကျော်ရရှိထားသည့်အတွက် ယခုအခါ နေမာကိုခေါ်ယူရန်အတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိ ချဲလ်ဆီးအသင်းနည်းပြပိုချက်တီနိုသည် ပီအက်စ်ဂျီအသင်းကိုတာဝန်ယူကိုင်တွယ်ခဲ့စဉ်က နေမာနှင့်လက်တွဲခဲ့ဖူးပြီး ကောင်းမွန်သည့် ဆက်ဆံရေးရှိသူများဖြစ်ကာ နေမာ၏ ခြေစွမ်းပိုင်းကို ကြိုက်နှစ်သက်သကဲ့သို့ အသင်းပိုင်ရှင် တော့ဘိုလီသည်လည်း နေမာ၏ ပရိသတ်တစ်ဦးဖြစ်သည့်အတွက် နေမာကို ဦးစားပေးပစ်မှတ်အဖြစ် ခေါ်ယူရန် စတင်ကြိုးပမ်းနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းနည်းပြပိုချက်တီနိုက လက်ရှိကစားသမား အပြောင်းရွှေ့ကာလတွင် အသင်းကို အပြောင်းအလဲများပြုလုပ်နေပြီး ကစားသမားအများစုကို ရောင်းချခဲ့ပြီး ဖြစ်သော်လည်း နောက်ထပ် ကစားသမားများဖြစ်သည့် အူဘာမီယန်းလူကာကူ အစရှိသည့် တိုက်စစ်ကစားသမားများကို ရောင်းချရန်ပြင်ဆင်ထားသည့်အပြင် အစောပိုင်းက ဂျူဗင်တပ်အသင်းမှ ဗလာဟိုဗစ်ချ်ကိုပစ်မှတ်ထားခဲ့သော်လည်း ယခုအခါ ဗလာဟိုဗစ်ချ်ထက် နေမာကိုသာ ဦးစားပေးခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ပီအက်စ်ဂျီ အသင်းကလည်း လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် မြင့်မားသည့် လုပ်ခလစာငွေများပေးချေနေရသည့် နေမာကို မဖြစ်မနေရောင်းချရန် ပြင်ဆင်ထားပြီး နေမာကို ချဲလ်ဆီးအသင်းအပြင် ဆော်ဒီထိပ်တန်းကလပ်အသင်းများကလည်းခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဗွန်ဒရိုဆိုဗာနှင့် အွန်ဂျပ်ဘာတို့ တက်ရောက်

**လန်ဒန် ဇူလိုင် ၁၄**

ဗြိတိန်ကျွန်းစုနိုင်ငံ လန်ဒန်မြို့တွင်ကျင်းပနေသည့် ဝင်ဘယ်ဒန် အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် နိုင်ခြေအဆင့်သတ်မှတ်ခံထားရခြင်းမရှိသည့် ချက်တင်းနစ်မယ် ဗွန်ဒရိုဆိုဗာက ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာကိုလည်းကောင်း၊ တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာက ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာကိုလည်းအကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ကြောင်း CNN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗွန်ဒရိုဆိုဗာက ကမ္ဘာ့အဆင့်(၃) တင်းနစ်မယ် စဝီယာတက်ခ်ကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့သည့် စဗစ်တိုလီနာကို(၆-၃၊ ၆-၃)ရလဒ်၊ အွန်ဂျပ်ဘာက ဆာဘာလင်ကာကို(၆-၇၊ ၆-၄၊ ၆-၃)ရလဒ်တို့ဖြင့် အနိုင်ရရှိခဲ့သဖြင့် ဗွန်ဒရိုဆိုဗာသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် ပထမဦးဆုံးသော နိုင်ခြေအဆင့်သတ်မှတ်ခံထားရခြင်းမရှိသည့် ပြိုင်ပွဲဝင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဗွန်ဒရိုဆိုဗာက "ကျွန်မအနေနဲ့ ဝင်ဘယ်ဒန်လိုပြိုင်ပွဲမျိုးမှာ ဗိုလ်လုပွဲကို တက်ရောက်နိုင်လိမ့်မယ်လို့ လုံးဝထင်မထားပါဘူး။ နောက်ပြီး ဆီမီးဖိုင်နယ်အဆင့်မှာ စဗစ်တိုလီနာကို အနိုင်ကစားနိုင်လိမ့်မယ်လို့လဲ ထင်မထားဘူး။ မဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့အရာတွေ တကယ်ဖြစ်လာတော့ အရမ်းကို အံ့သြဝမ်းသာမိပါတယ်။ ဖြစ်ပျက်နေတဲ့အရာတွေက ကျွန်မအတွက် အံ့အားသင့်စရာချည်းတွေပါပဲ။"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ကွင်းလယ်ကစားသမား ဒီယာဘီကိုခေါ်ယူရန် အေဗီလာအသင်း၏ကမ်းလှမ်းမှု လေဗာကူဆင်အသင်းပယ်ချ

**ဘာလင် ဇူလိုင် ၁၄**

အေဗီလာအသင်းသည် လေဗာကူဆင်အသင်း ကွင်းလယ်ကစားသမား ဒီယာဘီကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ လေဗာကူဆင်အသင်းက ပယ်ချခဲ့ကြောင်း Bulinews.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဒီယာဘီသည် လေဗာကူဆင်အသင်းသို့ ၂၀၁၉ ခုနှစ်က စတင်ရောက်ရှိခဲ့ပြီး အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် နှစ်နှစ်ကျန်ရှိနေသော်လည်း အေဗီလာအသင်းက ကစားသမား၏ ခြေစွမ်းပိုင်းကို သဘောကျနေသောကြောင့် ကနဦး ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းနှင့် အပိုဆုကြေးအားလုံးအပါအဝင် ယူရို ၄၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ လေဗာကူဆင်အသင်းက ပယ်ချခဲ့ခြင်းဖြစ်ပြီး ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၅၀ အလိုရှိနေကြောင်း သိရသည်။

ဒီယာဘီသည် လေဗာကူဆင်အသင်းသို့ စတင်ရောက်ရှိခဲ့သည့် ဘောလုံးရာသီကပင် အဓိကပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၁၇၂ ပွဲတွင် သွင်းဂိုး ၄၉ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ယခုနှစ် ဘောလုံးရာသီ နည်းပြအလွန်ဆိုလက်အောက်တွင် ခြေစွမ်းပိုင်းတိုးတက်လာခဲ့ကာ အမှတ်ပေးပြိုင်ပွဲ ၃၃ ပွဲထိပါဝင်ခွင့်ရခဲ့ပြီး သွင်းဂိုးကိုးဂိုးနှင့် ဂိုးဖန်တီးမှုရှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဥရောပကလပ်အသင်းကြီးများ၏ စိတ်ဝင်စားမှုကိုခံခဲ့ရသည်။

လက်ရှိတွင် ကွင်းလယ်တိုက်စစ်ကစားသမားဒီယာဘီကို ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် အာဆင်နယ်အသင်း၊ နယူးကာဆယ်အသင်းနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေသော်လည်း အေဗီလာအသင်းကသာ တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး သဘောတူညီမှုရရှိရန် ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ML

# ထာဝစဉ်ရှင်သန်နေသော အာဇာနည်ပုဂ္ဂိုလ်များ

**မောင်သောင်းဝင်း(တမန်ဟောင်း)**



ဗိုလ်ချုပ်အောင်ဆန်း



သခင်မြ



ဒီးဒုတ်ဦးဘချို



ဦးရာဇတ်



မန်းဘခိုင်



စဝ်စံထွန်း



ဦးဘဝင်း



ဦးအုန်းမောင်



ရဲဘော်ကိုထွေး

**ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ။**

နှစ်စဉ် ဇူလိုင်လရောက်လာပြီဆိုလျှင် ပြည်သူအားလုံး ဆွေးဆွေးမြည့်မြည့် နာနာကျင်ကျင် ခံစားကြရသည်။ ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရသည့် ထိုဝေဒနာကို လွန်ခဲ့သော (၇၆) နှစ်လောက်ကတည်းက မချိတင်ကဲခံစားလာခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာတည်သရွေ့ ထိုဝေဒနာကို ဖျောက်ဖျက်၍ ရနိုင်မည်မဟုတ်ချေ။ ထိုဝေဒနာသည် ပြည်သူများကြားသို့ အလိုအလျောက် ကိန်းအောင်းနေခြင်းမဟုတ်ပေ။

လွန်ခဲ့သော (၇၆) နှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်ခန့်တွင် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများသည် ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံးတွင် တိုင်းပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးတိုင်ပင်နေစဉ် နယ်ချဲ့လက်ပါးစေ အကြံပက်စက်သူ လူတစ်စု၏လက်ချက်ကြောင့် မြန်မာနိုင်ငံ၏အာဇာနည်ကြယ်ပွင့်များ ကြွေလွင့်ခဲ့ရပါသည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသူ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသဖြင့် တိုင်းပြည်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ခဲ့ရသည်။

**ကြွေလွင့်သွားသောကြယ်ပွင့်များ**

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် (၇၆)နှစ်ပြည့်မြောက်သော "အာဇာနည်နေ့"ပင်ဖြစ်သည်။ ငယ်စဉ်ကတည်းကပင် အာဇာနည်နေ့ရောက်ရှိလျှင် အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရပြီး မျက်ရည်စို့ခဲ့ရသည်မှာ အကြိမ်ကြိမ်အခါခါပင်ဖြစ်သည်။ ထိုဖြစ်စဉ်ကိုတွေးမိပြီး ယူကျုံးမရလည်း ဖြစ်ခဲ့ရသည်။

အထူးသဖြင့် တပ်မတော်၏ဖခင်၊ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှုအပေါ် မချိတင်ကဲဖြစ်ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တွင်သာမက စာရေးစာဖတ်လည်း ဝါသနာထုံခဲ့သည်။ လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသူ အောက်ဖော်ပြပါ အာဇာနည်ခေါင်းဆောင်ကြီးများလည်း ကျဆုံးခဲ့ရသည်-

(က) သခင်မြ (၁၈၉၇-၁၉၄၇)။
(ခ) ဒီးဒုတ်ဦးဘချို (၁၈၉၃-၁၉၄၇)။
(ဂ) ဦးရာဇတ် (၁၈၉၈-၁၉၄၇)။
(ဃ) ဦးဘဝင်း (၁၉၀၁-၁၉၄၇)။
(င) မန်းဘခိုင် (၁၉၀၃-၁၉၄၇)။
(စ) မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း (၁၉၀၇-၁၉၄၇)။
(ဆ) ဦးအုန်းမောင် (၁၉၁၃-၁၉၄၇)။
(ဇ) ရဲဘော်ကိုထွေး (၁၉၂၉-၁၉၄၇)

ထိုစဉ်က လေ့လျော်ရင်းတက်ကျူးသလို ဖြစ်ခဲ့ရသည်။ ပြည်သူတို့၏မျှော်လင့်ချက် မှေးမှိန်ခဲ့ရသည်။ သို့သော် ထိုအာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။

**ဂါရဝပြုအလေးပြု**

နှစ်စဉ် ဇူလိုင် ၁၉ ရက်နေ့ရောက်ရှိလျှင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအတွက် လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဆွေမျိုးများနှင့်ပြည်သူများသည် အာဇာနည်ခေါင်းဆောင်ကြီးများကို လာရောက်ဂါရဝပြုအလေးပြုကြသည်။ ထိုမြင်ကွင်းသည် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများအား တိုင်းပြည်လွတ်လပ်ရေးကို တန်ဖိုးထားလိုသည့်စိတ်ဓာတ် ကိန်းအောင်းလာစေသည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်မှန်းကာ ဘုရားအမှူးပြုသော သံဃာတော်များကို ဆွမ်းအစရှိသည့် လှူဖွယ်ပစ္စည်းများလှူဒါန်းပြီး ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါသည်။

**လွတ်လပ်ရေးကိုတန်ဖိုးထား**

အာဇာနည်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံမှ ဥသြဆွဲသဖြင့် တိုင်းသူ၊ ပြည်သားများသည် လုပ်ကိုင်ဆောင်ရွက်နေမှုများကို ရပ်တန့်၍ ငြိမ်သက်စွာ မတ်တတ်ရပ်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြသည်။ အာဇာနည်နေ့တွင် ဝမ်းနည်းကြောင်းပြသသည့်အနေဖြင့် အစိုးရရုံးများတွင် နိုင်ငံတော်အလံကို တိုင်ဝက်တွင်သာ လွှင့်ထူထားပါသည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရသည့် အတွင်းဝန်များရုံး၊ ဗိုလ်ချုပ်အောင်ဆန်းတို့မိသားစု နေထိုင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်များကိုလည်း ဖွင့်လှစ်ထားသဖြင့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအပါအဝင် ပြည်သူများလေ့လာခွင့်ရရှိသည်။ မျိုးဆက်သစ်လူငယ်များသည် အတွင်းဝန်များရုံးနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ရင်ထဲတွင် အာဇာနည်ခေါင်းဆောင်ကြီးများ အသက်ပေးရယူခဲ့ရသည့် လွတ်လပ်ရေးကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဆိုသော စိတ်ဓာတ်များ တဖွားဖွားပေါ်လာပါသည်။

**လွတ်လပ်ရေးအတွက်ကြိုးပမ်း**

အမှန်တော့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက အများနှင့်မတူ တစ်မူထူးခြားစွာ နေထိုင်လေ့ရှိသည်။ မိဘများ၊ ဆရာသမားများအပေါ်တွင် မုသားစကားပြောဆိုလေ့မရှိဘဲ ကလေးသဘာဝ မိမိ၏စိတ်ထဲတွင်ဖြစ်ချင်သော ဆန္ဒအမှန်ကို ထုတ်ဖော်ပြောကြားဝံ့သောသတ္တိ ရှိခဲ့သည်။ ထို့ပြင် ကလေးဘဝတွင်ပြုမူခဲ့သည့် အမှားများကိုလည်း ရဲဝံ့စွာဝန်ခံရဲသော ရိုးသားဖြောင့်မတ်သည့် စိတ်ထားကိုပိုင်ဆိုင်ထားရှိသည်။ ထိုစိတ်နေစိတ်ထားများသည် အနာဂတ်ကိုစီမံခန့်ခွဲမည့် မျိုးဆက်သစ်လူငယ်များအတွက် အတုယူသင့်သော မွန်မြတ်တည်ကြည်သည့် စိတ်ဓာတ်ပင်ဖြစ်ပါသည်။

အာဇာနည်သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝတွင်လည်း ကြွားဝါထောင်လွှားမှုမရှိဘဲ ကျောင်းစာကိုသာ အပတ်တကုတ် ကြိုးစားခဲ့သည်။ ထို့ပြင် သူတစ်ပါးအကြိုက် အားနာပြီး လိုက်ပါပြောဆိုပြုမူလေ့မရှိဘဲ အရှိကိုအရှိအတိုင်း ပြောဆိုဆက်ဆံပြုမူခဲ့သဖြင့် ကျောင်းသားများကြားတွင် ပေါင်းသင်းဆက်ဆံရခက်ခဲသည့် လူတစ်ဦးဟု ရှုမြင်ခံခဲ့ရသည်။ အခြားသူများ မည်ကဲ့သို့ပင် လက်ညှိုးထိုးနေစေကာမူ ဖြောင့်မတ်စွာ ရပ်တည်ကြိုးစားခဲ့သဖြင့် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

သူ့ကျွန်ဘဝကျရောက်နေသော တိုင်းပြည်ကို နယ်ချဲ့တို့၏လက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမည်ဆိုသော ခိုင်မာပြတ်သားသည့်သန္နိဋ္ဌာန်ဖြင့် တက္ကသိုလ်မှထွက်ကာ လွတ်လပ်ရေးကြိုးပမ်းမှုများကို ဦးဆောင်ခဲ့သည်။ ထိုသို့ ကိုယ်ကျိုးမဖက်သည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခဲ့မှုများသည်သာမန်လူတို့ ဆောင်ရွက်နိုင်ခဲသော စွန့်လွှတ်အနစ်နာခံမှုပင်ဖြစ်သည်။ လွတ်လပ်ရေးအတွက် နယ်ချဲ့ကို တိုက်ထုတ်ရန်သည် ခိုင်မာတောင့်တင်းပြီး စနစ်တကျဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ် ရှိရမည်ဆိုသော တွေးခေါ်မြော်မြင်ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းကလည်း အသက်အရွယ်နှင့်မလိုက်သောရင့်ကျက်မှုကို ပြသခဲ့ခြင်းပင်ဖြစ်သည်။

တပ်မတော်ဖွဲ့စည်းရေးအတွက် လိုအပ်လျက်ရှိသည့် နိုင်ငံခြားအကူအညီရရှိရေး ပြည်ပသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရာတွင်လည်း အခက်အခဲပေါင်းစုံ ကြုံတွေ့ခဲ့ရပြန်သည်။ သို့သော် ခိုင်မာပြတ်သားသည့် သန္နိဋ္ဌာန်ကြောင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သဖြင့် ရဲဘော်သုံးကျိပ်နှင့်အတူ စစ်ပညာသင်ယူ ဆည်းပူးနိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးအတွက် အသက်ပေးသွားမည်ဟုသစ္စာဆိုကာ လက်မောင်းသွေးဖောက်သောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်(ဖ်) တပ်မတော်များနှင့်အတူ နယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ်ချေမှုန်းတိုက်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် မြန်မာ့လွတ်လပ်ရေးအတွက်လည်း နယ်ချဲ့တို့ထံ တည်တံ့စွာပြောဆိုတောင်းဆိုနိုင်ခဲ့သည်။ သတ္တိဗျတ္တိ၊ ဉာဏ်အမြော်အမြင်၊ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့် ပြည့်စုံသော ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၊ အမျိုးသားရေးခေါင်းဆောင် သခင်အောင်ဆန်း၊ တပ်မတော်၏ဖခင်၊ လွတ်လပ်ရေးဗိသုကာ အာဇာနည်ပုဂ္ဂိုလ် ဦးအောင်ဆန်း၏ မနားမနေကြိုးပမ်းအားထုတ်မှု၊ စွန့်လွှတ်အနစ်နာခံမှုတို့ကြောင့် နိုင်ငံနှင့်လူမျိုးအတွက် အသက်တမျှအရေးပါသော လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေး**

အာဇာနည်ခေါင်းဆောင်ကြီးသည် တိုတောင်းလှသော သက်တမ်းကာလအတွင်း တိုင်းပြည်နှင့် လူမျိုးအတွက် မတူညီသောတာဝန်အမျိုးမျိုးကို အသက်ပေးထမ်းဆောင်ခဲ့သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ပြောဆိုပြုမူမှုပုံစံများကိုသာ သတိရတမ်းတနေရုံမျှဖြင့် တာဝန်ကျေပွန်မည်မဟုတ်ပါ။ အာဇာနည်ခေါင်းဆောင်ကြီး၏ မျှော်မှန်းချက်များကို ရှပ်လုံးပေါ်အောင် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်သာ ဗိုလ်ချုပ်အောင်ဆန်း၏လမ်းညွှန်ချက်ကို မြေဝယ်မကျနားထောင်ရာကျပေမည်ဖြစ်သည်။ အမှန်စင်စစ်မှာမူ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင်ကြီး၏ရင်ထဲက စိတ်ကူးအိပ်မက်သည် တိုင်းပြည်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာအောင် တည်ဆောက်သွားရန်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တဖွဖွပြောဆိုခဲ့သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ စွမ်းဆောင်နိုင်စွမ်းမရှိသည့်တိုင်အောင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။

**ဒီမိုကရေစီကိုဖော်ဆောင်ရာတွင်**

လက်ရှိအချိန်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော မဲမသမာမှုများကို အကြောင်းပြု၍ တိုင်းပြည်အတွင်း၌ အစွန်းရောက်နိုင်ငံရေးသမားများနှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်အလုံးစုံပျက်စီးရေးအတွက် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိကြသည်။ အထူးသဖြင့် မျိုးဆက်သစ်များ၏ပညာသင်ယူခွင့်ကို ခြိမ်းခြောက်ဟန့်တားအကျပ်ကိုင်နေခြင်းပင်ဖြစ်သည်။ မည်သည့်နိုင်ငံတွင်မျှ လက်နက်ကိုင်နည်းလမ်းဖြင့် ဒီမိုကရေစီဖော်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာသည့်နည်းလမ်းဖြင့်သာလျှင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ဆိုရလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၆)နှစ်ပြည့်ပြီဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုတောင်းလှသည့်ကာလအတွင်း တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပင်စွန့်လျက် မနားမနေကြိုးစားခဲ့သည်မှာ နိုင်ငံသားအားလုံးအတုယူဖွယ်ရာဖြစ်သည်။ ထို့သို့ ဗိုလ်ချုပ်အောင်ဆန်း အသက်စွန့်ပြီးရယူခဲ့သော လွတ်လပ်ရေးကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းသွားရန်သည် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ထိုလွတ်လပ်ရေးကိုထာဝစဉ် ထိန်းသိမ်းသွားနိုင်ရန်သည် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှုရှိနေရန် လိုအပ်သည်။

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ စွန့်လွှတ်စွန့်စားအနစ်နာခံလိုသော စိတ်နေစိတ်ထားကိုနှလုံးမူလျက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ အများအကျိုးကို သယ်ပိုးနိုင်သည့် လူတော်လူကောင်းများ ဖြစ်လာအောင် ကြိုးစားအားထုတ်သွားရန်လိုအပ်ပေသည်။ မည်သို့ပင်ဆိုစေ အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စား အနစ်နာခံသွားခဲ့သဖြင့် ပြည်သူများ၏နှလုံးသည်းပွတ်တွင် ထာဝစဉ်ရှင်သန်နေမည်ဟု ခိုင်မာစွာယုံကြည်မိပါတော့သည်။

# အဆိုတော် မီကို၏ ပုဂံနန်းဆက်က ချစ်လိပ်ပြာ တေးသီချင်း MV ထွက်ရှိမည်



**ရန်ကုန် ဇူလိုင် ၁၄**

ပုဂံနန်းဆက်က ချစ်လိပ်ပြာ တေးသီချင်း Music Video(MV) ဩဂုတ်လပထမပတ်တွင် ထွက်ရှိလာမည်ဖြစ်ကြောင်း အဆိုတော် မီကိုက ပြောပြ၍ သိရသည်။

ပုဂံနန်းဆက်က ချစ်လိပ်ပြာ တေးသီချင်း MV သည် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးနှင့် မိဖုရားစောမွန်လှတို့၏အချစ်ဇာတ်လမ်း တစ်စိတ်တစ်ဒေသကို ပုံဖော်ရေးဖွဲ့ထားသည့် တေးသီချင်းဖြစ်ပြီး Music Video အဖြစ် ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

"အစ်မက အရင်တုန်းက သရုပ်ဆောင်လုပ်ခဲ့ဖူးတယ်။ အဲဒီကာလမှာတုန်းက အစ်မတော် စောမွန်လှအကြောင်း ဗီဒီယိုရိုက်ကူးခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်စုလောက်ပေါ့။ အဲဒီကတည်းက ဒီသီချင်းကို ကြားခဲ့ပြီးတော့ သဘောကျနေခဲ့တယ်။ အဲဒီတုန်းကလဲ ဒီသီချင်းက အစ်မတော်စောမွန်လှအကြောင်း ဗီဒီယိုမှာ ထည့်သွင်းဖို့ စီစဉ်ပေမဲ့ ပျက်ခဲ့တယ်။ အခုတော့ ဒီတေးသီချင်းကို MV အနေနဲ့ ရိုက်ကူးဖြစ်ခဲ့ပါတယ်။ ဒီသီချင်းရဲ့တေးရေးဆရာကတော့ ဆရာဖြိုးသီဟဖြစ်ပါတယ်။ ဩဂုတ်လပထမပတ်လောက် ထွက်ရှိလာမှာပါ"ဟု အဆိုတော် မီကိုက ပြောပြသည်။

အဆိုတော် မီကို၏ ပုဂံနန်းဆက်က ချစ်လိပ်ပြာ တေးသီချင်း Music Video ကို ဒါရိုက်တာ ဝဏ္ဏ(မန္တလေး)က ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကြောင်း၊ သရုပ်ဆောင် မင်းဦး၊ နေနေ၊ နန်းစန္ဒာလှထွန်းနှင့် အခြားသရုပ်ဆောင်များစွာပါဝင်ထားပြီး မန္တလေးမြို့တွင် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

ASH

# ရင်နှင့်အမျှ ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းက ဇူလိုင် ၂၄ ရက်မှစ၍ အပတ်စဉ် တနင်္လာ၊ အင်္ဂါနေ့တွင် ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၄**

ရင်နှင့်အမျှ ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းက ဇူလိုင် ၂၄ ရက်မှစတင်၍ အပတ်စဉ် တနင်္လာ၊ အင်္ဂါနေ့ ည ၉ နာရီတွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ Yaw Li က ပြောပြ၍ သိရသည်။

ဝိယာ Film Production က ရိုက်ကူးထုတ်လုပ်သည့် ရင်နှင့်အမျှ ရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာ Yaw Li ကပင် ဇာတ်လမ်းဇာတ်ညွှန်းရေးသားပြီး ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ လူငယ်အချစ်အိမ်ထောင်ရေး ရုပ်သံဇာတ်လမ်းတွဲဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက မောင်နှမသံယောဇဉ်နဲ့ အတူတူကြီးပြင်းလာကြတဲ့ မြမှူးခင်နဲ့ မင်းသတ္တိတို့ရဲ့ သံယောဇဉ် နှောင်ကြိုးကြားကို ဝင်ရောက်လာတဲ့ မင်းမြတ်ပိုင်ကြောင့် မြမှူးခင်နဲ့ မင်းမြတ်ပိုင်တို့ အိမ်ရာထူထောင်ဖို့ထိဖြစ်သွားပြီးမှ သူတို့နှစ်ယောက်ရဲ့ဘဝထဲကို ဆူးသစ္စာဆိုတဲ့ မိန်းကလေးတစ်ယောက် ရောက်ရှိလာခဲ့တဲ့အခါ ဖြစ်ပေါ်မဲ့ လေးပွင့်ဆိုင်မေတ္တာဘွဲ့ ဇာတ်လမ်းလေးပါ" ဟု ဒါရိုက်တာ Yaw Li က ပြောပြသည်။




ရင်နှင့်အမျှ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် သက်တံ့ပိုင်၊ လရောင်၊ ရီယန်၊ ဆောင်းသစ်သစ်၊ ငွဲ၊ လင်းလက်အောင်၊ ရောလီ၊ နန္ဒာ၊ သာသာလင်းထက်၊ ခရစ်စတိုဖာဝင်း၊ သက်ပိုင်ရဲ၊ အောင်လံထူ၊ ခင်မာကြည် စသည့်သရုပ်ဆောင်သစ်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တန့်ယန်းမြို့နယ် မန်လုံကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**တန့်ယန်း ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် နားဟုတ်ကတ်ကျေးရွာအုပ်စု မန်လုံကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာနည်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းကြသည်။

မန်လုံကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နီလာ**

# Dead Reckoning Part One ဇာတ်ကား၏ ပထမဆုံးရုံတင်ရက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ သန်းထိရှိ

**နယူးယောက် ဇူလိုင် ၁၄**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Mission Impossible: Dead Reckoning Part One ဇာတ်ကား ပြည်တွင်းဝင်ငွေသည် ပထမဆုံး စတင်ရုံတင်ပြသသည့် နေ့မှာပင် အမေရိကန်ဒေါ်လာ ၁၆ သန်းထိရှိခဲ့ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် Dead Reckoning Part One ဇာတ်ကားကို ဇူလိုင် ၁၁ ရက်တွင် မိတ်ဆက်ပြသခဲ့ပြီး ဇူလိုင် ၁၂ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Dead Reckoning Part One ဇာတ်ကား၏ ပြည်တွင်းဝင်ငွေသည် ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ရက်ဖြစ်သည့် ဇူလိုင် ၁၆ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၉၀ ထိရှိလာနိုင်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသားတွမ်ခရုစ က အဓိကဦးဆောင်ပါဝင်ထားပြီး ဒါရိုက်တာ ခရစ္စတိုဖာမက်ကွာရီက ရိုက်ကူးပေးထားသည်။

လက်ရှိတွင် Paramount ရုပ်ရှင်ကုမ္ပဏီသည် Dead Reckoning Part One ဇာတ်ကားကို မြောက်အမေရိကဈေးကွက် ရုပ်ရှင်ရုံပေါင်း ၃၃၀၀ တို့၌ ပြသလျက်ရှိကြောင်း သိရသည်။ KKO



# Superman: Legacy ဇာတ်ကား၌ မင်းသားကြီး နေသန်ဖီလီယွန် ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၄**

မာဗယ်ရုပ်ရှင်စတူဒီယို၏ Superman: Legacy ဇာတ်ကား၌ မင်းသားကြီး နေသန်ဖီလီယွန် ပါဝင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

Superman: Legacy ဇာတ်ကားတွင် မင်းသားကြီး နေသန်ဖီလီယွန်သည် ဂန္ထဝင်စူပါဟီးရိုးဇာတ်ကောင်တစ်ကောင်ဖြစ်သည့် Green Lantern ဇာတ်ကောင်နေရာ၌ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Superman: Legacy ဇာတ်ကားတွင် မင်းသားကြီး နေသန်ဖီလီယွန်သည် မင်းသား ဒေးဗစ်ကိုရန်စဝပ်၊ မင်းသမီး ရာချယ်ဘရော့နာဟန်၊ အစ္စဘဲလားမားဆက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Superman: Legacy ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားတွင် အဓိကဇာတ်ကောင် Superman (Clark Kent) အဖြစ် မင်းသား ဒေးဗစ်ကိုရန်စဝပ်က သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ KKO



# Families of Office of Commander-in-Chief (Army, Navy and Air) hold second monsoon tree-growing ceremony for 2023


Senior General Min Aung Hlaing plants a teak sapling.

**Nay Pyi Taw July 14**

Aimed at conserving environment and contributing to the climatic conditions, giving shade to the people and supporting the State economy on one hand, families of the Office of the Commander-in-Chief (Army, Navy and Air) and relevant military commands have been holding monsoon tree-growing ceremonies annually since 2011.

Today's second monsoon tree-growing ceremony for 2023 of the families of the Office of the Commander-in-Chief (Army, Navy and Air) took place near Yezin Dam in Zeyathiri Township of Nay Pyi Taw, attended by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing who planted a teak sapling.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, wife of the Chief of the General Staff (Army, Navy and Air), the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from the Office of the Commander-in-Chief and their wives, Union level officials and their wives, senior trainee officers of the National Defence College, officers, other ranks and families from the offices and departments of the Commander-in-Chief (Army).


Senior General Min Aung Hlaing encourages those participating in the tree-planting ceremony.

**SAC Chairman Commander-in-Chief of Defence Services and wife lead growing of a teak sapling**

First, the Senior General and wife planted a teak sapling. Then, senior military officers and their wives, officers, other ranks and families grew trees in the designated places. The Senior General, wife and party viewed round participation of officers, other ranks and families in tree-growing activities.

**A total of 188,055 precious trees, perennial trees, shade trees and windbreaks planted around Yezin Dam from 2011 to second tree-growing ceremony in 2023**

At the today's ceremony, those families planted 1,764 teak saplings, 882 Manjansha and 882 gum-kino, totalling 3,528. They have grown 188,055 precious trees, perennial trees, shade plants and windbreaks around Yezin Dam for environment and ecosystem conservation 37 times from 2011 to the second ceremony in 2023.

**The whole Tatmadaw planted 227,202 saplings today**

Likewise, all military commands held growing of precious trees, industrial crops, perennial trees, shade plants and windbreaks. In this regard, Nay Pyi Taw Command grew 9,500 trees, Northern Command 21,310, North-East Command 21,258 trees, Eastern Command 11,445 trees,

*See Page 13*


Daw Kyu Kyu Hla encourages those participating in the tree-planting ceremony.


Vice-Senior General Soe Win plants a sapling.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


Coastal Region Command holds its tree-planting ceremony.


South-West Command holds its tree-planting ceremony.


Northern Command holds its tree-planting ceremony.


North-East Command holds its tree-planting ceremony.

*From Page 12*
Eastern Central Command 21,999 trees, Triangle Region Command 14,322 trees, South-East Command 13,273 trees, Coastal Region Command 12,964 trees, Yangon Command 17,286 trees, South-West Command 7,195 trees, Western Command 15,962 trees, North-West Command 8,713 trees, Central Command 35,247 trees and Southern Command 13,200 trees with the participation of commanders and officials. Today, the whole Tatmadaw planted 227,202 trees. 100

# Kachin State to systematically reclaim over 380 acres of land this fiscal year

**Myitkyina July 14**

Plans are being made to systematically reclaim more than 380 acres of land in Kachin State in the current fiscal year 2023-2024, according to the Kachin State Farm Mechanization Department.

The department under the Ministry of Agriculture, Livestock and Irrigation is planning to have 387 acres of reclaimed land in Kachin State. As such, farmlands will be reclaimed in rectangular shapes although there are various shapes.

Moreover, measures will be taken to build production roads, adopt irrigation systems and dig channels. Upon completion of land reclamation and other facilities, all cultivation processes will go smooth in a short time with the use of modern farm equipment.

In the previous 2022-2023 FY, over 350 acres of farmland were reclaimed. This year also, efforts are being made to meet the target.

Kachin State has up to 774,000 acres of cultivable land including those that can cause little environmental impact. Therefore, the ministry is cooperating with the Kachin State government in engaging in agricultural activities on a commercial scale to ensure regional sufficiency plus exports. 336

# Asia floods: Death toll climbs in severe monsoon season

**Delhi July 14**

More than 100 people have died across Asia this month as the vast region experiences an intense monsoon season.

The past fortnight has seen extreme rain that has caused floods and landslides across several countries including India, China and Japan.

Hundreds of thousands of people have been forced to evacuate as a result.

On Friday, South Korea was on high alert as a storm battered the capital Seoul, while in the Philippines officials warned of a tropical cyclone.

Earlier this week, Japan also reported record-breaking floods on the island of Kyushu in which at least eight people, including a local politician, died. Others are still missing.

"It's raining like never before," a spokesman for Japan's meteorological agency said, as cities around the country logged record amounts of rain.

Scientists warn that climate change has increased the risk of of floods worldwide. Many countries are struggling to mitigate the dangers of the extreme weather.

The World Meteorological Organization's director of hydrology, water and cryosphere said developed countries such as Japan were "extremely alert, and they're also very well prepared when it comes to flood management measures."

BBC

# Chandrayaan-3: India's historic Moon mission lifts off successfully

**Delhi July 14**

India has launched its third Moon mission, aiming to be the first to land near its little-explored south pole.

The Chandrayaan-3 spacecraft with an orbiter, lander and a rover lifted off at 14:35 on Friday (09:05 GMT) from Sriharikota space centre.

The lander is due to reach the Moon on 23-24 August.

If successful, India will be only the fourth country to achieve a soft landing on the Moon, after the US, the former Soviet Union and China.

Thousands of people watched the launch from the viewer's gallery and commentators described the sight of the rocket "soaring in the sky" as "majestic". The lift off was greeted with cheers and loud applause from the crowds and the scientists.

The BBC's Arunoday Mukharji, who was at the launch site, said there were roars of "Bharat Mata ki jai [Victory to mother India]" from every corner of the hall.

"Chandrayaan-3 has begun its journey towards the Moon," Indian Space Research Organisation (Isro) chief Sreedhara Panicker Somanath said in his first comments following the successful lift off. "Our launch vehicle has put the Chandrayaan on the precise orbit around the Earth." Isro tweeted that "the health of the spacecraft is normal". BBC

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## မဟာမိတ်နိုင်ငံများထံမှ F-16 တိုက်လေယာဉ်များ ယူကရိန်းလက်ခံရရှိလိမ့်မည်ဟု အိမ်ဖြူတော်ပြောကြား



ယူကရိန်းနိုင်ငံသည် F-16 တိုက်လေယာဉ်များပံ့ပိုးပေးရန် လုံလောက်သည့်အရေအတွက်ကို ပိုင်ဆိုင်ထားသော မဟာမိတ်နိုင်ငံများထံမှ F-16 တိုက်လေယာဉ်များ လက်ခံရရှိဖွယ်ရှိနေကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က ဇူလိုင် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

မဟာမိတ်နိုင်ငံ အများအပြားသည် ယူကရိန်းလေယာဉ်မှူးများကို လေ့ကျင့်သင်ကြားပေးရန် ကမ်းလှမ်းခဲ့သော်လည်း ယခုအချိန်ထိ အမှန်တကယ်ပေးပို့သွားမည်ဟု ကတိပြုထားခြင်း မရှိသေးပေ။

"F-16 တိုက်လေယာဉ်တွေနဲ့ ပတ်သက်ပြီး အမေရိကန်သမ္မတ Joe Biden က မဟာမိတ်တွေနဲ့အနီးကပ်ဆွေးနွေးတိုင်ပင်ပြီး ယူကရိန်းလေယာဉ်မှူးတွေကို လေ့ကျင့်သင်ကြားပေးတာတွေ စတင်ပြုလုပ်ဖို့ ပြီးခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်က ဆုံးဖြတ်ခဲ့တာပါ" ဟု Vilnius မြို့တော် NATO ထိပ်သီး အစည်းအဝေးတွင် သတင်းရယူနေသော Good Morning America သတင်းဌာနမှ သတင်းထောက် George Stephanopoulos နှင့် တွေ့ဆုံမေးမြန်းခန်းတွင် Sullivan က ပြောကြားခဲ့သည်။

"လေယာဉ်မှူးတွေကို လေ့ကျင့်သင်ကြားပေးရေးက အချိန်အနည်းငယ်ယူရမှာဖြစ်ပြီး F-16 တွေ ပိုလျှံနေတဲ့အနောက်နိုင်ငံတွေဆီကနေ လွှဲပြောင်းပံ့ပိုးပေးသွားမှာပါ"ဟု Sullivan က ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံသည် အမေရိကန်ထုတ်ဂျက်လေယာဉ်များဖြင့် ယူကရိန်းလေယာဉ်မှူးများကို ဩဂုတ်လမှစတင်၍ လေ့ကျင့်သင်ကြားပေးမည့် ညွန့်ပေါင်းအဖွဲ့တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါညွန့်ပေါင်းအဖွဲ့ကို ဒိန်းမတ်နှင့် နယ်သာလန်နိုင်ငံတို့က ဦးဆောင်မည်ဖြစ်ပြီး ဘယ်လ်ဂျီယံ၊ ကနေဒါ၊ လူဇင်ဘတ်၊ နော်ဝေ၊ ပိုလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ ဗြိတိန်နှင့်ဆွီဒင်နိုင်ငံတို့လည်းပါဝင်သည်။

ပါဝင်နေသည့်နိုင်ငံထက်ဝက်ခန့်သည် F-16 တိုက်လေယာဉ်များကို အမှန်တကယ်ပိုင်ဆိုင်ထားခြင်းမရှိသည့် နိုင်ငံများ ပါဝင်နေသလို မည်သည့်နိုင်ငံကမျှ ပေးပို့သွားရန် လူသိရှင်ကြား ကတိကဝတ်ပြု ထုတ်ဖော်ပြောကြားထားခြင်း မရှိပေ။

ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒီမီထရီကူလီဘာက အမေရိကန်အစိုးရပိုင် အသံလွှင့်ဌာန Svoboda နှင့်စကားပြောဆိုရာတွင် သင်တန်းပေးမှုများကို ဩဂုတ်လတွင် စတင်လာနိုင်ကြောင်း၊ စက်တင်ဘာလအစောပိုင်းလဲ ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

အကောင်းဆုံးမှာ ယူကရိန်းနိုင်ငံသားလေသူရဲများအနေဖြင့် လာမည့်နှစ် ပထမလေးလပတ်အကုန်လောက်တွင် F-16 တိုက်လေယာဉ်များကို ကိုယ်တိုင် ပထမဆုံးအကြိမ် မောင်းနှင်လာနိုင်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

"ဒါပေမဲ့ ကျွန်တော်တို့က အင်ဂျင်နီယာတွေ၊ နည်းပညာရှင်တွေကိုပါ လေ့ကျင့်ပေးဖို့ လိုပြန်ပါတယ်။ အခြေခံအဆောက်အအုံတွေ ပြင်ဆင်ဖို့လိုတယ်။ အသေးစိတ်အချက်အလက်တွေ အများကြီးရှိတာကြောင့် အချိန်ကာလ အပြောင်းအလဲရှိနိုင်ပါတယ်"ဟု ဒီမီထရီကူလီဘာက ဆက်လက်ပြောကြားခဲ့သည်။

ယူကရိန်းအား လက်နက်များ ပံ့ပိုးပေးနေခြင်းကိုရပ်တန့်ရန် အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများကို ရုရှားနိုင်ငံသည် အကြိမ်ကြိမ်တိုက်တွန်းခဲ့ပြီး ပဋိပက္ခ၏ရလဒ်အပေါ် သက်ရောက်မှုရှိမည်မဟုတ်သော်လည်း တိုက်ရိုက်ထိပ်တိုက်တွေ့ဆုံမည့်အန္တရာယ်ကို တိုးမြှင့်စေလိမ့်မည်ဟု ပြောကြားခဲ့သည်။

**Ukraine will receive F-16s – White House ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားတပ်ဖွဲ့များထံ Orlan ဒရုန်းများ အရှိန်မြှင့်ပံ့ပိုးပေးနေသည်ဟု ကာကွယ်ရေးဝန်ကြီးပြော

ရုရှားနိုင်ငံတပ်ဖွဲ့များထံ Orlan ဒရုန်းများ အရှိန်မြှင့် ပံ့ပိုးပေးနေသည်ဟု ကာကွယ်ရေးဝန်ကြီး Sergey Shoigu က သတင်းထောက်များကို ဇူလိုင် ၁၁ ရက်က ပြောကြားခဲ့သည်။

အစိုးရကာကွယ်ရေးဆိုင်ရာ အမှာစာများအရ ပံ့ပိုးပေးနိုင်ခဲ့သည့် အဆင့်မြင့်လက်နက်ပစ္စည်းများ ပမာဏသည် ၂၀၂၂ ခုနှစ် မတ်လမှစတင်ကာ ၁ ဒသမ ၈ ဆ တိုးလာပြီး ၂၀၂၃ ခုနှစ်ထက် ကိန်းဂဏန်းအားဖြင့် ငါးဆ ပိုများလာကြောင်း ဝန်ကြီး Shoigu က မှတ်ချက်ပြုခဲ့သည်။

Orlan-10 နှင့် Orlan-30 ဒရုန်းများ ပံ့ပိုးမှုများသည် ၅၃ ဆ တိုးလာခဲ့သည်။ နေ့ညမပြတ် ပျံသန်းလုပ်ဆောင်လျက်ရှိကြပြီး အလွန်ထိရောက်မှုရှိသည်။

Kamaz ကုမ္ပဏီသည် ဘက်စုံသုံးယာဉ်များပေးပို့မှုကို ၁၇ ဒသမ ၆ ဆ မြှင့်တင်နိုင်ခဲ့သည်။ Uralvagonzavod လုပ်ငန်းစုသည် T-72 နှင့် T-90 တင့်ကားများ ပံ့ပိုးမှုနှင့် ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်နိုင်စွမ်းကို ၃ ဒသမ ၆ ဆ အရှိန်မြှင့် လုပ်ဆောင်ခဲ့သည်။ Kurgan စက်ယန္တရားတည်ဆောက်ရေးစက်ရုံသည် BMP-3 သံချပ်ကာယာဉ်များပေးပို့မှုနှင့်ပြုပြင်မွမ်းမံမှုကို ၂ ဒသမ ၁ ဆ တိုးမြှင့်နိုင်ခဲ့သည်ဟု Shoigu က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် ကျင့်သုံးလျက်ရှိသော စစ်နည်းဗျူဟာများထဲမှ ကင်းထောက်ဒရုန်းများဖြင့် သတင်းအချက်အလက်ထောက်လှမ်း၍ အမြောက်တပ်ဖွဲ့၊ လေကြောင်းချီတပ်ဖွဲ့နှင့် လေကြောင်းနှင့်အာကာသတပ်ဖွဲ့တို့က ပေါင်းစည်း၍ ကြိုတင်လက်ဦးမှုရယူကာ တိကျပဲ့ထိန်းလက်နက်များ၊ တိုက်ခိုက်ရေးဒရုန်းများ အသုံးပြုလျက် လေကြောင်းတိုက်ခိုက်မှုများဖြင့် ရန်သူစစ်ရေးစွမ်းအားများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည့် စစ်နည်းဗျူဟာမှာ များစွာထိရောက်အကျိုးရှိလျက်ရှိသည်ကို တွေ့ရှိရသည်။

တစ်ချိန်တည်းတစ်ပြိုင်တည်း တိုက်စွမ်းအားများ ပြန်လည်ဖြည့်တင်းရာတွင် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းစုများ၏ ထုတ်ကုန်စွမ်းဆောင်ရည်များပါ တိုးတက်မြင့်မားလာလျက်ရှိသည်ကို ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Shoigu က မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်။



**Orlan drone supplies sky-rocketing — Russian defense minister ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျနိုင်ငံက ယူကရိန်းကိုကူညီရန် ဂျာမနီနိုင်ငံသို့ ထောက်လှမ်းရေးလေယာဉ်တစ်စင်း စေလွှတ်မည်

ဩစတြေးလျနိုင်ငံအစိုးရသည် ယူကရိန်းကို ကူညီရန်အတွက် ဂျာမနီသို့ ထောက်လှမ်းရေးလေယာဉ်တစ်စင်း စေလွှတ်သွားမည်ဟု ပြောကြားခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက ဇူလိုင် ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။



ယူကရိန်းနိုင်ငံအတွက် အနောက်နိုင်ငံများက ၎င်းတို့၏ စစ်ဘက်အကူအညီပေးမှုများ လုပ်ဆောင်နေချိန်တွင် ယခုကဲ့သို့ သတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ဩစတြေးလျနိုင်ငံသည် E-7A Wedgetail လေယာဉ်တစ်စင်းနှင့် ဩစတြေးလျကြည်းတပ်မှ တပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ထောက်ပံ့ရေးဝန်ထမ်းဦးရေ ၁၀၀ ထိ ခြောက်လကြာ စေလွှတ်သွားမည်ဖြစ်သည်။

ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်၏ ပြောကြားချက်အရ အဆိုပါ ထောက်လှမ်းရေးလေယာဉ်သည် ယူကရိန်း၊ ရုရှား သို့မဟုတ် ဘီလာရုစ် လေပိုင်နက်အတွင်းသို့ ဝင်ရောက်ပျံသန်းလိမ့်မည်မဟုတ်ကြောင်း သိရသည်။

"ဒီပံ့ပိုးမှုက တော်တော်အရေးပါပါတယ်။ လုပ်ဆောင်မဲ့အရာအတွက် သာမက သင့်လျော်တဲ့သတင်းအချက်အလက် အရင်းအမြစ်တွေကို ယူကရိန်းအတွက် ပေးနိုင်အောင် လုပ်ဆောင်ပေးဖို့ ဩစတြေးလျရဲ့ ကတိကဝတ်ပြုမှုလဲ ဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

Boeing ကုမ္ပဏီ၏ 737-700 လေယာဉ်ကို အခြေခံ၍ တည်ဆောက်ထားသော E-7A Wedgetail ထောက်လှမ်းရေးလေယာဉ်တွင် တာဝေးစောင့်ကြည့်ရေးရေဒါ၊ အရန်ရေဒါနှင့် လေကြောင်းမှလေကြောင်း ကြိုတင်သတိပေးမှုနှင့် ထိန်းချုပ်မှုပေးနိုင်ရန် နည်းဗျူဟာမြောက်အသံနှင့် ဒေတာဆက်သွယ်ရေးစနစ်များ ပါရှိသည်။

ထောက်လှမ်းရေးလေယာဉ်သည်တိုက်ပွဲနယ်မြေအခင်းအကျင်းကို ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးနိုင်စွမ်းရှိပြီးအခြေအနေဆိုင်ရာ သတိပြုမိနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်ဟု သိရသည်။

ထောက်လှမ်းရေးလေယာဉ်သည် ပျံသန်းနေစဉ် ဝေဟင်၌ပင် ဆီဖြည့်နိုင်စွမ်းကြောင့် တာဝေးပျံသန်း၍ ထောက်လှမ်းရေးမစ်ရှင်များကို တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ကြိုတင်သတိပေး စွမ်းဆောင်နိုင်မှုအဖြစ် E-7A Wedgetail ထောက်လှမ်းရေးလေယာဉ်တစ်စင်း ထပ်မံစေလွှတ်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ယူကရိန်းသို့ပို့ဆောင်ပေးနေသည့် အရေးကြီးသော ပံ့ပိုးကူညီမှုများကိုအကာအကွယ်ပေးနိုင်လိမ့်မည်ဟု ဩစတြေးလျနိုင်ငံ ဒုတိယဝန်ကြီးချုပ် Richard Marles က ရှင်းပြခဲ့သည်။

**Australia Deploying Surveillance Aircraft to Germany to Assist Ukraine. ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရွှေဘိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၅၇၈၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၅၇၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၇၆၃၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၇၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်သွားပါမယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲမျိုးစုံဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားခဲ့ပါတယ်။ အခုဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ပဲမျိုးစုံ သီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၆၇၆၆ ဧက၊ မိုးပဲတီစိမ်း ၁၅၀၃ ဧက၊မတ်ပဲ ၁၁၇ ဧကနှင့် ပဲစင်းငုံ ၇၄၀၁ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၁၁၇၅၄ ဧက၊ မိုးပဲတီစိမ်းဧက ၅၅၀၀၊ မတ်ပဲ ၃၈၄ ဧက၊ ထောပတ်ပဲ ၂၈၅၄ ဧက၊ စွန်တာပြာ ၄၀၇၅ ဧက၊ ပဲစင်းငုံ ၁၃၀၁၆ ဧက၊ အခြားပဲ ၃၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံသီးနှံ ၃၇၄၀၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဩဂုတ်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၆၆၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ချောက်မြို့နယ် ဩဇာတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောက် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဩဇာတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ဩဇာတောကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အကျယ် လေးလက်မ၊ အနက် ပေ ၁၁၀၀ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများအားလုံး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။



ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၀ ဒသမ ၉၂ သန်းဖြင့် ဩဇာတောကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၁၁၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

# သိန်းနီမြို့နယ် နမ့်ခမ်းအွန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သိန်းနီ ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် နမ့်ခမ်းအွန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးရာဇာအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးသည်။

သိန်းနီမြို့နယ် နမ့်ခမ်းအွန်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၄)




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၇-၂၀၂၃

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council- NRSC) ၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) သည် ကမ္ဘာလုံးဆိုင်ရာ အလွန်ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် တဖြည်းဖြည်းကြီးထွားလာနေသည်ကို မိမိတို့နေ့စဉ်နှင့်အမျှ တွေ့မြင်ကြားသိနေရကြောင်း၊ ထို့ပြင် ဟန့်တားထိန်းချုပ်နိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းလုံးတွင် Road Safety ကိစ္စကို အထူးအလေးအနက်ထားပြီးဆောင်ရွက်လာကြရာ ယခုဆိုလျှင် ဒုတိယဆယ်စုနှစ်ထဲကို ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။ WHO က ပြုစုထုတ်ပြန်သည့်အစီရင်ခံစာအရ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် Road Accident ကြောင့် နှစ်စဉ် ပျမ်းမျှ လူ ၁ ဒသမ ၃ သန်းခန့် အသက်ဆုံးရှုံးနေကြရပြီး လူဦးရေသန်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေကြကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း လူ ၁ ဒသမ ၃၅ သန်းထိ အသက်ဆုံးရှုံးခဲ့ရပြီး တစ်နှစ်ထက်တစ်နှစ် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများလည်း လျော့ကျမသွားဘဲ ပိုပြီးတိုးလာနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူများသေဆုံးရသည့် အဓိကအကြောင်းရင်း(Cause of Death) များထဲတွင် Road Accident ကြောင့် သေဆုံးရခြင်းသည် ပထမဆယ်စုနှစ်တာကာလတွင် အဆင့် ၈ နေရာတွင်ရှိခဲ့ပြီး ဒုတိယ ဆယ်စုနှစ်တာကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ်အလွန်နှစ်များတွင် အဆင့် ၃ နေရာသို့ ရောက်ရှိလာနိုင်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

Road Accident ကြောင့် နိုင်ငံအများစုတွင် နှစ်စဉ် GDP ၏ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းထိဆုံးရှုံးနေရကြောင်း၊ ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးနစ်နာမှုများကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးရင်ဆိုင်နေကြကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ Decade of Action for Road Safety ကို အကောင်အထည်ဖော်ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ချမှတ်ထားသည့် မဏ္ဍိုင်ကြီး ငါးရပ်နှင့်အညီ ဖော်ဆောင်စေလျက်ရှိကြောင်း၊ လက်ရှိတွင် မဏ္ဍိုင်ကြီးငါးရပ်အပြင် ဒုတိယဆယ်စုနှစ်တာကာလအတွက် Global Plan ကိုရေးဆွဲခဲ့ကြပြီး 12 Voluntary Targets ၁၂ ချက်ကိုချမှတ်ကာ၊ ယာဉ်လမ်းအန္တရာယ်ကြောင့် လူသေဆုံးမှုများကို ၂၀၃၀ ပြည့်နှစ်တွင် ထက်ဝက်လျော့ချနိုင်ရန် ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကအားဖြင့် ပြည်သူအားလုံး၏ လိုက်နာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ တစ်ဖက်ကလည်း မိမိတို့၏ NRSC ၏ မူဝါဒ၊ အစီအမံများ ခိုင်မာစွာချမှတ်ပေးနိုင်မှု၊ လုပ်ငန်းစဉ်တစ်ရပ်လုံးအပေါ်တွင် စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲဦးဆောင်နိုင်မှု၊ အသိပညာပေးမှု၊ စစ်ဆေးကြပ်မတ်မှုနှင့် အရေးယူမှုများ ဟန်ချက်ညီအောင် ထိန်းကျောင်းနိုင်မှုများသည်လည်း အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း။

နိုင်ငံအတွင်း ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များကို ၂၀၂၂ ခုနှစ်၊ NRSC၏ နှစ်ချုပ်အစီရင်ခံစာအရ ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် လူ့ပယောဂကြောင့်ဖြစ်ပွားရသည့် ယာဉ်တိုက်မှုက ၉၄ ရာခိုင်နှုန်းခန့် ပါဝင်သော်လည်း တစ်ဖက်က ပတ်ဝန်းကျင်အနေအထား၊ လမ်းတည်ဆောက်ပုံအနေအထား၊ လမ်းဒီဇိုင်း၊ လမ်းအဆင့်အတန်းများကလည်း ကဏ္ဍတစ်ခုအဖြစ် ဆက်စပ်ပါဝင်နေကြောင်း၊ လမ်းတစ်ခုကို စတင်တည်ဆောက်ချိန်ကတည်းက Road Safety အတွက် ထည့်သွင်းစဉ်းစားခြင်း၊ လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် တပ်ဆင်ခြင်းနှင့် တည်ဆောက်မှုပုံစံဒီဇိုင်းကို စနစ်တကျ သုံးသပ်တွက်ချက်တည်ဆောက်ခြင်းများ စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း။

လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများပြည့်စုံမှန်ကန်ရေးသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတွင် အလွန်အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်း၊ လမ်းအမှတ်အသားများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်မှာကြားချက်နှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့၏ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ ၆ လတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များအလိုက် Road Safety Audit ဆောင်ရွက်မှု စုစုပေါင်း ၂၄၃၁ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းညွှန်း ၁၇၄၁၄ ခု၊ အလျားလိုက်မျဉ်းအမှတ်အသား ၁၁၄၁ မိုင်၊ကန့်လန့်ဖြတ်မျဉ်းအမှတ်အသား ၅၈၆ ခု၊ အခြားလမ်းအမှတ်အသား ၆၉၆၄ ခုနှင့် အချက်ပြ ၅၅၃ ခု ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထပ်မံဆောင်ရွက်မှုများအနေဖြင့် လမ်းညွှန်း ၁၃၀၀၂ ခု၊ အလျားလိုက်မျဉ်းအမှတ်အသား ၈၄၄ မိုင်၊ ကန့်လန့်ဖြတ်မျဉ်းအမှတ်အသား ၆၉၅ ခု၊ အခြားလမ်းအမှတ်အသား ၃၇၉၉ ခုနှင့် အချက်ပြ ၁၃၈ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း။

လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေးအတွက် ညွှန်ကြားချက်နှင့်အညီ ပြည့်စုံမှန်ကန်ကိုက်ညီမှုရှိစေရေး လုပ်ငန်းစဉ်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့များ၊ ဒေသကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အထူးအလေးထားကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ခွင့်ပြုထားပြီးဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများ ပြည့်စုံမှန်ကန်စွာ အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံချက် National Road Safety Action Plan (၂၀၂၀-၂၀၂၃)ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာနှင့် Global Plan ရည်မှန်းချက် (၁၂) ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အကြောင်းအရာများကို အနှစ်ချုပ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်မကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက NRSC အစည်းအဝေး၏ ဆုံးဖြတ်ချက်များပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ National Road Safety Action Plan (၂၀၂၀-၂၀၂၃) နှင့် Quick Win အစီအမံ ၅ ရပ်အပေါ် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဖောက်ဖျက်မှု၊ စနစ်တကျစောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများကို အသိပညာပေးမှု၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များကို ပြည်သူများသိရှိနိုင်ရေး အသိပညာပေး ဆောင်ရွက်ထားရှိမှု၊ လမ်းညွှန်းအမှတ်အသားများနှင့် အချက်ပြစနစ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများနှင့် နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**



# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇူလိုင် ၁၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက ရေးဆွဲတင်ပြသည့် ကဏ္ဍအလိုက်လုပ်ငန်းစီမံချက်များကို စိစစ်ပြီး ဗဟိုကော်မတီသို့တင်ပြ၍ ဗဟိုကော်မတီက အတည်ပြုပေးသည့် နှစ်တို၊ နှစ်ရှည် ပင်မစီမံကိန်းများနှင့် လတ်တလော ဆောင်ရွက်ရန်ချမှတ်ပေးသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း စသည့် လုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များကို အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ ဖြင့်ဆင်ဖွဲ့စည်းရန် လျာထားချက်၊ ဆောင်ရွက်ပြီးစီးခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့မှု စာရင်းချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအမံများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူ့အခွင့်အရေးအကြောင်းပြ၍ မြန်မာနိုင်ငံအပေါ်ထားရှိသော ယန္တရားများ၏ ချို့ယွင်းချက်များကို ထောက်ပြခြင်း

ဂျီနီဗာမြို့တွင် ၁၉-၆-၂၀၂၃ ရက်မှ ၁၄-၇-၂၀၂၃ ရက်ထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ အစည်းအဝေးများကို သက်ဆိုင်ရာနိုင်ငံမပါဘဲကျင်းပခဲ့ပြီး ယင်းမှာ ကောင်စီ၏မူဝါဒများနှင့် ရည်ရွယ်ချက်တို့နှင့် သွေဖည်လျက်ရှိသည်။

အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)က တင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုအရ ဆွေးနွေးပွဲတစ်ရပ်ကို ၂၁-၆-၂၀၂၃ ရက်တွင် ကျင်းပခဲ့သည်။ ဥရောပသမဂ္ဂ(အီးယူ)က တင်သွင်းခဲ့သောဆုံးဖြတ်ချက်အဆိုအရ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့နှင့် အပြန်အလှန်ဆွေးနွေးပွဲများကို ၆--၇-၂၀၂၃ ရက်တွင် ကျင်းပခဲ့သည်။ ထို့ပြင် အိုအိုင်စီကိုယ်စား ပါကစ္စတန်နိုင်ငံမှ စာရွက်စာတမ်းအမှတ်၊ A/ HRC/53/L.30/Rev.1 ဖြင့် တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို ၁၄-၇-၂၀၂၃ ရက်တွင် ကောင်စီက အတည်ပြုချမှတ်ခဲ့သည်။

အထက်ပါ ဆွေးနွေးပွဲများနှင့် လတ်တလောချမှတ်ခဲ့သော ဆုံးဖြတ်ချက် အဆိုတို့သည် မြန်မာပြည်သူများအပေါ် အမုန်းစကားမြောက်ကြောင်းနှင့် ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးစုံပါဝင်သော မြန်မာ့အသိုက်အဝန်းအကြား စိတ်ဝမ်းကွဲပြားစေရန် လှုံ့ဆော်ရာရောက်ကြောင်း စိုးရိမ်စွာဖြင့် မှတ်သားရသည်။ ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်ပေါ် ပေါက်ခဲ့ရသည့်အကြောင်းရင်းကို မျက်ကွယ်ပြုခြင်းဖြင့် လက်တွေ့မြေပြင်အခြေအနေကို ထင်ဟပ်နိုင်မည်မဟုတ်ပါ။ ကောင်စီ၏ ဆွေးနွေးပွဲအမျိုးမျိုးကိုအသုံးချ၍ တစ်ဖက်သတ်ဇာတ်ကြောင်းများဖန်တီးနေစေကာမူ ကော့ဘဇားရှိစခန်းများတွင် တိုက်ပွဲများနှင့် လက်နက်ကိုင်တိုက်ခိုက်မှုများက အကာမူဂျာဟီဒင်ခေါ် အာဆာအကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို သက်သေပြလျက်ရှိသည်။ ယင်းအကြမ်းဖက်မှုများကြောင့်၂၀၁၇ခုနှစ် တွင် ရခိုင်ပြည်နယ်မှ အတင်းအကျပ်နေရပ်စွန့်ခွာခဲ့မှုများပေါ် ပေါက်စေခဲ့ပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ယနေ့ထက်တိုင်ဟန့်တားလျက်ရှိသည်။

လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတင်ပြချက်တွင် သီးခြားကုလသမဂ္ဂရုံးတစ်ရုံးကကိုင်တွယ်သည့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စများကို အထူးပြုထားရာလုပ်ငန်းများ ထပ်တူဖြစ်နေကြောင်းနှင့် မဟာမင်းကြီး၏ လုပ်ပိုင်ခွင့်ကိုကျော်လွန်နေကြောင်း ပြသရာရောက်သည်။ လူသားချင်းစာနာမှုဆိုင်ရာ သွားရောက်ခွင့်များ ငြင်းပယ်ကြောင်း မဟာမင်းကြီး၏အစီရင်ခံစာတွင် စွပ်စွဲချက်မှာလွဲမှားလျက်ရှိသည်။ခရီးသွားလာခွင့်များနှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အီးယူအပါအဝင် သံရုံးများကို ၆၂ ကြိမ်၊ ကုလသမဂ္ဂအေဂျင်စီများကို ၄၆ ကြိမ်နှင့် အာဆီယံ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) ကို ၁၀ ကြိမ် မြန်မာအစိုးရက ခွင့်ပြုခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်အစိုးရက ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)ကို အကြိမ် ၆၀ ကျော်၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကို အကြိမ် ၈၀ ကျော်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ကို အကြိမ်ပေါင်း ၅၀၀ ကျော် ခရီးသွားလာခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူသည် မြန်မာနိုင်ငံကို အထီးကျန်စေရန်ရည်ရွယ်ချက်ဖြင့် အပြန်အလှန်ဆွေးနွေးမှုပြုလုပ်ခဲ့သည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရသည်။ အစိုးရကို သိက္ခာချရန်ကြိုးပမ်းမှုအဖြစ် အကန့်အသတ်မရှိ စာရွက်စာတမ်းများနှင့် ဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် ဥရောပသမဂ္ဂနှင့် အနောက်နိုင်ငံများက အထူးအစီရင်ခံစာတင်သွင်းသူအတွက် ဆီလျော်မှုမရှိသော လုပ်ပိုင်ခွင့်ကိုပေးအပ်ထားသည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် အပြစ်မဲ့ပြည်သူ ၆၀၉၁ ဦးကို သေဆုံးစေခဲ့သော NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ လူမဆန်သောပြစ်မှုများကို ဖုံးကွယ်ထားသည်။ အထူးအစီရင်ခံစာတင်သွင်းသူက မြန်မာနိုင်ငံ၏ အများပြည်သူဆိုင်ရာဝန်ဆောင်မှုများအတွက် ဖြည့်ဆည်းပေးသည့် အစိုးရပိုင်လုပ်ငန်းများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ရန် အဖွဲ့ဝင်နိုင်ငံများကို ထပ်မံတောင်းဆိုထားသည်။ ယင်းမှာ ပြည်သူများကိုထိခိုက်စေရန်နှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးကို ချိုးဖောက်ရန်အတွက်သာဖြစ်သည်။

ထို့ပြင် မြန်မာအရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် မည်သည့်ခြိမ်းခြောက်မှုမျှ မဖြစ်ပေါ်စေသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင် အတည်ပြု၊ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများနှင့် ဆုံးဖြတ်ချက်အဆိုတို့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (ICC)တို့ကို ရည်ညွှန်းဖော်ပြမှုများကို မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်ပယ်ချသည်။

နိုင်ငံတစ်နိုင်ငံကိုဦးတည်သည့် ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပေါ်စေခြင်းမရှိသည့်အတွက် ယင်းတို့ကို မြန်မာနိုင်ငံက အစဉ်တစိုက်ဆန့်ကျင်သည်။ အစီရင်ခံစာများနှင့် နိုင်ငံအချို့၏ မိန့်ခွန်းများတွင်ပါဝင်သည့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် ဝင်ရောက်စွက်ဖက်ပြောဆိုချက်များကို မြန်မာနိုင်ငံက ပယ်ချပြီး အစည်းအဝေးများတွင် မိတ်ဆွေနိုင်ငံများ၏ မျှတပြီးအပြုသဘောဆောင်သော ပြောကြားချက်များအတွက် ကျေးဇူးတင်ရှိသည်။ ဆုံးဖြတ်ချက်အဆိုကိုအတည်ပြုချမှတ်ရာတွင် ပါဝင်ပတ်သက်ခြင်းမပြုသော နိုင်ငံများနှင့် မြန်မာနိုင်ငံက အတူရပ်တည်သည်။

အထက်တွင်ဆိုခဲ့သော ဆွေးနွေးမှုများနှင့် အစည်းအဝေးများသည် မြန်မာနိုင်ငံမပါဝင်ဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အသေးစိတ်တုံ့ပြန်မှုများပြုလုပ်ပြီးဖြစ်ကာ ယင်းတုံ့ပြန်မှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့၏ ဝက်ဘ်ဆိုက်များတွင် တွေ့ရှိနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၄ ရက်**

**❑ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်မှ**

ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဂွမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ မြို့နယ်များကို ပုံမှန်အနေအထားသို့ အပြည့်အဝ ပြန်လည်ရောက်ရှိလာစေရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အချိန်ကာလဖြစ်ပါသဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေ ပုဒ်မ ၂၆ အရ ၁၅- ၇ -၂၀၂၃ ရက်မှ ၁၄- ၉ -၂၀၂၃ ရက်ထိ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာလိုက်သည်။

၃။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်ဖြစ်ပါသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စပဲလော့ဗ်စ်ခ်ဒေသ နိုင်ငံတကာစီးပွားရေးဆက်သွယ်ဆောင်ရွက်မှုဝန်ကြီး မစ္စတာ ပဲချီးစ်လာ့ဗ်ယာရင် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် အဖွဲ့သည် ယမန်နေ့ညနေပိုင်းက စပဲလော့ဗ်စ်ခ်ဒေသ နိုင်ငံတကာစီးပွားရေးဆက်သွယ်ဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပဲချီးစ်လာ့ဗ်ယာရင် ဦးဆောင်သော ဒေသအစိုးရအဖွဲ့နှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား ဆောင်ရွက်သွားနိုင်မည့် ပို့ကုန်၊ သွင်းကုန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် အရေးပါသည့် သံသတ္တုရိုင်းများရှာဖွေရေး၊ တူးဖော်ရေး၊ သံမဏိထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများ အထောက်အပံ့ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်မည့် လုပ်သားများကို နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်တို့ကို ကျွမ်းကျင်တတ်မြောက်၍ ကိုယ်တိုင်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ကျောင်းသားများကို ယူရယ်ဒေသရှိ အဆင့်မြင့်တက္ကသိုလ်ကြီးများသို့ ပညာတော်သင်စေလွှတ်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မိတ်ဖက်နိုင်ငံများအကြား ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် စည်လုံးညီညွတ်မှုပိုမိုခိုင်မြဲစေသည့် အကြောင်းအရာများနှင့် စပဲလော့ဗ်စ်ခ်ဒေသအနေဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးသံတမန်များ ခန့်အပ်စေလွှတ်သွားနိုင်မည့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စပဲလော့ဗ်စ်ခ်ဒေသ၏ နိုင်ငံတကာစီးပွားရေးဆက်သွယ်ဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာပဲချီးစ်လာ့ဗ်ယာရင် ဦးဆောင်သော ဒေသအစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တရုတ်-အာဆီယံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်




**နေပြည်တော် ဇူလိုင် ၁၄**

တရုတ်နိုင်ငံ ကွေ့လင်းမြို့၌ ရောက်ရှိနေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် ကွေ့လင်းမြို့ Grand Bravo Hotel ၌ ကျင်းပသည့် တရုတ်-အာဆီယံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်သည်။

နိုင်ငံတကာဖိုရမ်တွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ကွန်ကရက်ဒုတိယဥက္ကဋ္ဌ UNDP တရုတ်၏ ဒုတိယဌာနေကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံတို့မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက အမှာစကားပြောကြားကြသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင်များက Sustainable Development ဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကွေ့လင်းမြို့တော်ဝန် လီချက အာဆီယံနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာဆိုင်ရာဝန်ကြီးများနှင့် ကိုယ်စားလှယ်တော်ကြီးများကို တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကွေ့လင်းမြို့ရှိ တက္ကသိုလ်များတွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လီမြစ်အတိုင်း ကွေ့လင်းမှ ရန်ရှို့သို့ သင်္ဘောဖြင့် သွားရောက်၍ တရုတ်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် ကမ္ဘာလှည့်ခရီးသွားမြို့ဖြစ်သည့် ကွေ့လင်းမြို့၏ ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်(မူကြမ်း)ကို ညှိနှိုင်းစဉ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တာဝန်သိစွာဖြင့် ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ သို့ရာတွင် ပူးတွဲကြေညာချက်အား အပြီးသတ်ထုတ်ပြန်ကြေညာရာတွင် မြန်မာနိုင်ငံက အဆိုပြုပြင်ဆင်ဖြည့်စွက်ထည့်သွင်းလိုသည့် အချက်များ၊ မြန်မာနိုင်ငံ၏ သဘောထားနှင့် စိုးရိမ်ပူပန်မှုများကို လျစ်လျူရှုခဲ့သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါအချက်များကို အခြေခံလျက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်တွင်ပါဝင်သည့် မြန်မာနိုင်ငံကိစ္စနှင့် ပတ်သက်သည့် အချို့အချက်များအပေါ် စိတ်ပျက်မိပြီး ယင်းဖော်ပြချက်များကို ပြတ်သားစွာပယ်ချလျက် ပါဝင်ပတ်သက်မှုမရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd.က တင်သွင်းလာသော Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၃၇ စီးနှင့် Grand Sirius Co.,Ltd. က တင်သွင်းလာသော လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger, 60KW) အခု ၃၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ဗိုလ်မှူးချုပ်အောင်သူဦး ကျောက်တော်မြို့၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာတွင် စုပေါင်း သစ်ပင်စိုက်ပျိုးစဉ်။



ဗိုလ်ချုပ်စိုးနိုင်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်ခန့်အပ်တာဝန် ပေးအပ်ထားရှိရာ ယနေ့တွင် သံတွဲမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ငပလီမြို့ရှိ ပုလဲရတနာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုမ္ဘာစာရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုန်းတော်ကြီးကျောင်းနှင့် အဆိုပါကျောင်းရှိဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများအတွက်ဆန်၊ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် ရေသန့်ကတ်များဆက်ကပ်လှူဒါန်းကာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုတို့ကိုကြည့်ရှု၍ အားပေးစကားပြောကြားသည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ကျောက်တော်ရပ်ကွက် လူမှုဝန်ထမ်းရုံး အနောက်ဘက်ကမ်းနား၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် စုပေါင်း သစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန် ပစ္စည်းများကို ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၄**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့၌ ဆန်၊ ဆီ၊ ဆား၊ အသားငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့်အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချ ပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့်နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၃ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာလူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်"Nyi Nyi Zaw" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝင်းရပ်ကွက်နေ ညီညီဇော်ကို မွန်းလွဲ ၂ နာရီခွဲတွင် ပြည်မြို့အမှတ်(၁)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကျောက်တန်းမြို့နယ်ရှိ မော်ဝန်းချောင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက မော်ဝန်းချောင်းအတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ကျောက်တန်းမြို့နယ်ရှိ မော်ဝန်းချောင်းအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့နယ်ရှိ ရေးဟောင်းသမိုင်းဝင်ကျိုက်မှော်ဝန်း ရေလယ်စေတီတော် မြတ်ကြီး၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တက်ရောက်လာကြသူများကို ငါးမျိုးများဝေငှပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မော်ဝန်းချောင်းအတွင်းသို့ ငါးမျိုးစုံကောင်ရေ ရှစ်သိန်း စိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# စစ်တွေမြို့နယ် ဒုံးပြင်တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မှန်တိုင်းသင့်ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဒုံးပြင်တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရှိမုန်တိုင်းသင့် ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အဆိုပါကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ဒေသခံပြည်သူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို အဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။ ထို့ပြင် အဆိုပါကျေးရွာအတွင်းရှိ နေအိမ်အဆောက်အအုံအတွင်း ခြင်မှိုအောင်းနိုင်သောနေရာများနှင့် ခြံဝင်းအတွင်း၊ အပြင်နေရာများကို ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် သန်လျင်တပ်နယ် အားကစားကွင်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲအဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဩဂုတ် ၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် တိုင်းစစ်ဌာနချုပ်၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၄**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ပေါင်းစည်းလယ်ယာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၄**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် မြိတ်တပ်နယ်အသင်းနှင့် မြိတ်လေတပ်စခန်းဌာနချုပ် အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၃၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် မြိတ်တပ်နယ်အသင်းနှင့် မြိတ်လေတပ်စခန်းဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



# ကျွန်ဖြစ်မယ့် စိတ်ဓာတ်

လေ့တွေပြိုင်လိုက်တာ နှစ်စင်းပြိုင်တဲ့အခါမှာ နိုင်တဲ့အစင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကို နည်းနည်းရောက်တယ်ဆိုရင်ပဲ တက်ထောင်တယ်၊ ကြွားတယ်။ တစ်ခါ ရှုံးတဲ့နောက်ကနေတဲ့ လှေကလည်းပဲ ပန်းတိုင်မရောက်သေးဘူး။ ကြိုးစားချင်ကြိုးစားနိုင်တယ်။ မကြိုးစားချင်တော့ဘူး။ ရှုံးတော့မှာပါပဲကွာဆိုပြီး ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။ ဒါဟာ ဘာလဲဆိုရင် တကယ့်တိုင်းပြည် ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့ လူမျိုးနဲ့ ထိုက်တန်တဲ့စိတ်ဓာတ်မျိုးမဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ဖြစ်မယ့် စိတ်ဓာတ်မျိုး။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် ပြည်သူ့အစည်းအဝေးကြီး၌
ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၃၈/ ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**အမျိုးသားဒီမိုကရေစီပါတီသစ်(NEW NATIONAL DEMOCRACY PARTY)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် လေးထောင့်ကန်လမ်း မြေအမှတ်(၇၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ်**(NEW NATIONAL DEMOCRACY PARTY) ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်းကြေညာလိုက်သည်။

**အမျိုးသားဒီမိုကရေစီပါတီသစ်** (NEW NATIONAL DEMOCRACY PARTY)၏ မှတ်ပုံတင်အမှတ်မှာ (၃၃) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၃၉/ ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ(NIDP)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်ခင်းရပ် ဖက်ခင်းလမ်း မြေအမှတ်(၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ** (NIDP)ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်းကြေညာလိုက်သည်။

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**(NIDP)၏ မှတ်ပုံတင်အမှတ်မှာ (၃၄) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဇူလိုင် ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခံအတည်ပြုလူနာသစ် ၁၄ ဦးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

ဇူလိုင် ၁၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၄၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခံအတည်ပြုလူနာသစ် ၁၄ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၈၆၅ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၆၆၉ ဦး |

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် IDA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

0w kv d @

# မျှော်လင့်ခြင်းမနက်ဖြန်

ဖူးပွင့်နှယ်




(၁)

ဒေါ်မြမေ နပူးပေါ်က စီးကျလာသည့် ချွေးသီးချွေးပေါက်များကို အနွေးထည်လက်မောင်းစနှင့် သုတ်လိုက်ရသည်။ နေပူပူအောက်တွင် အမိုးစုတ်လေးက နေပူလိုက်၊ မိုးရွာလိုက်ဒဏ်ကြောင့် ဆန်ခါပေါက်ကလေးများပင်ဖြစ်နေသေးသည်။ မိုး၊ နေမလုံ၍ လဲရန်သိနေသော်လည်း ယခုအချိန်တွင် ကုန်များအရောင်းပါးနေသောကြောင့် အောင့်အည်းနေရသည်။ ဒေါ်မြမေက မုဆိုးမဖြစ်သည်။ ယောကျ်ားဆုံးပါးသွားပြီးနောက် လူမမည်ကလေးသုံးယောက်နှင့် မလုပ်စားမကိုင်စားတတ်ဖြင့် ယောင်လည်လည်ဖြစ်နေသောကြောင့် ငယ်သူငယ်ချင်းဖြစ်သည့် ထားထားမေက ဈေးထဲတွင် သူနှင့်အတူလက်တွဲခေါ်၍ ကုန်စိမ်းရောင်းရန် သင်ပေးခဲ့သည်။ ထိုသူငယ်ချင်းကျေးဇူးကြောင့်သာ ဒေါ်မြမေဈေးရောင်းတတ်ခဲ့သည်။ သားသမီးများကိုလည်း လူလားမြောက်အောင် မုဆိုးမဘဝနှင့် ဝဝလင်လင်ကျွေးမွေးပြုစုနိုင်ခဲ့သည်။

(၂)

"အမေ အိမ်က ယိုင်နေပြီနော်။ လေကြီးမိုးကြီးလာရင် ပြိုသွားမှာတောင်ကြောက်ရတယ်"

"ဟုတ်တယ်အမေရေ။ သမီးတို့အိမ်ကို ညီမလေးနဲ့ အတူလာနေပါလား။ အမေအိမ်ဆောက်ပြီးမှ ပြန်ပြောင်းလာလဲရတယ်လေ"

သားကြီးနှင့်သမီးလတ်တို့က အိမ်အခြေအနေကို ကြည့်၍ သူတို့အိမ်လာနေရန်ခေါ်နေကြသည်။

"မနေတော့ပါဘူး။ အမေ ဒီလကုန်လို့ စုကြေးလေးပေါက်ရင် အိမ်ဆောက်တော့မှာ"

"အမေထည့်ထားတဲ့ စုကြေးက ဒီလကုန်ပေါက်ပြီပေါ့။ ဝမ်းသာလိုက်တာအမေရယ်။ အမေအိမ်ဆောက်ချင်တဲ့ဆန္ဒလေးပြည့်ပြီပေါ့"

စိုးသူဝမ်းသာအားရပြောလိုက်သည်။ သူငယ်ငယ်ကတည်းက အမေက အိမ်ဆောက်ချင်သည်ဟု ခဏခဏပြောသံကြားခဲ့ရသည်။ စီးပွားရေးက မပြေလည်၊ သူတို့မောင်နှမသုံးယောက်၏ ကျောင်းစရိတ်၊ စားဝတ်နေရေး၊ သာရေးနာရေးကိစ္စအဝဝနှင့်မို့ အမေ့မှာ အိမ်ဆောက်ရန် ရည်ရွယ်ချက်က သူနှင့် ညီမလတ် အိမ်ထောင်ကျပြီး ကလေးများရသည်ထိ ဆန္ဒက မပြည့်ဝသေးပေ။

"အမေအိမ်ဆောက်ပြီး ပိုတဲ့ပိုက်ဆံကို ဘဏ်ထဲထည့်ထားပြီး မြေးလေးတွေရှင်ပြုပေးဖို့ ထပ်ကြိုးစားရမယ်"

"အမေရယ် အသက်လဲ ကြီးလှပါပြီ။ အမေ့အရွယ်က ဈေးမရောင်းဘဲ အိမ်မှာနေရမဲ့အရွယ်တောင်လွန်နေပြီ။ အိမ်ဆောက်ပြီးရင် ညီမလေးဖြူသွယ်ရဲ့ ကျောင်းဆရာမလစာလေးနဲ့ သားအမိနှစ်ယောက် အေးအေးလူလူစားပေါ့"

နန်းစိန် အမေ့ကို လေပြည်အေးတရားလေးဟောပြောလိုက်သည်။ အဖေဆုံးပါးသွားပြီးကတည်းက အမေ အလုပ်နှင့်လက်ပြတ်ပြီး နားရသည့်ရက်ဆိုသည် မှာမရှိခဲ့ပေ။ ဘယ်လောက်ပင်ပန်းပင်ပန်း အမေဈေးရောင်းတာတစ်နေ့မှမပြတ် မနားမနေလုပ်ခဲ့ရသည်။ ယခု အမေ့အသက် ၇၃ နှစ်။ ဈေးထဲတွင် အိုကြီးအိုမနှင့်ဈေးရောင်းနေသေးသည်။ သူ့ဆန္ဒအိမ်လေးမဆောက်ရသေး၍ နံနက် ၄ နာရီ ဒေါင်ခနဲထိုးသည်နှင့် ဈေးသို့ပစ္စည်းဝယ်ရန်ရောက်နှင့်နေပြီ။ သူများတကာအိပ်ကောင်း၍ အိပ်မက် မက်ကောင်းနေသည့်အချိန် အမေကတော့ ဈေးအနံ့ပိုက်စိပ်တိုက်ကုန်ဝယ်၍ ပြီးစီးနေပြီဖြစ်၏။

(၃)

"အမေရေ သားမိန်းမမျှော်နေမှာစိုးလို့ အိမ်ပြန်တော့မယ်"ဟုနှုတ်ဆက်၍ စိုးသူထွက်လာခဲ့လိုက်သည်။ ဒေါ်မြမေ ရေနွေးကြမ်းသောက်ကာ မြေကြီးအောက်ခြေက ခြစားထားသည့်အိမ်တိုင်ကို စိုက်ကြည့်နေမိသည်။ မိဘများလက်ထက်ကတည်းက နှစ် ၉၀ လောက်ရှိသည့် သည်အိမ်ကလေး ယခုထိလူနေဖြစ်အောင် ရှိနေပေးသည်ကို ကျေးဇူးတင်နေမိသည်။ အိမ်ထောင်ကျသွားသည့် သားနှင့်သမီးက ခဏလာနေဟုခေါ်သော်လည်း ဒေါ်မြမေ လုံးဝမနေချင်။ ကိုယ့်အိုးကိုယ့်အိမ်မှမဟုတ်ရင် တိုက်ကြီးဘယ်လောက်ခမ်းနားကောင်းမွန်သည်ဖြစ်စေ မိမိ၏ မိုးမလုံ၊ လေမလုံ ယိုင်နဲ့နဲ့အိမ်လေးလောက် မက်မောမှုမရှိပေ။ တဲစုတ်ကလေးမှာပဲနေရနေရ ကိုယ့်အိုးကိုယ့်အိမ်ဆိုသည့်အသိနှင့် စိတ်ချမ်းချမ်းသာသာနေရသည်မဟုတ်လား။ အိမ်ဆိုသည်မှာ လူသားတိုင်း၏ဘဝတွင် မရှိမဖြစ်လိုအပ်သည့်အရာမို့ ဒေါ်မြမေ ကျန်ရှိနေသေးသည့် အသက်အရွယ်ထိ အိမ်အကောင်းကြီးမဆောက်နိုင်သော်လည်း မိုးလုံလေလုံအိမ်ကလေးနှင့် ဘဝနေဝင်ချိန်ကို ကုန်ဆုံးချင်မိသည်။

သားကြီးနှင့်သမီးလတ် သူတို့အိမ် သူတို့ပြန်သွားကြပြီး ရှေ့ဆင့်နောက်ဆင့်မှာပင် သမီးငယ် ကျောင်းက ပြန်လာသည်။

"အမေ ဒီနေ့ဈေးကပြန်လာတာ စောသားပဲ"

ဖြူသွယ် ခြင်းတောင်းကလေးချ၍ မိခင်ကိုနှုတ်ဆက်ပြီး အမောဖြေရန် ဘေးဝင်ထိုင်လိုက်သည်။

"အရောင်းပါးလို့ ဈေးအစောသိမ်းပြန်လာတာ"

"အမေ ဘာဟင်းချက်စရာ ဝယ်ခဲ့လဲ"

"ငါးပိရည်ကျိုလေးနဲ့ ကြက်ဥကြော်လေးပဲချက်ပါ သမီးရယ်။ ဒီနေ့ စုကြေးဖိုး ၅၀၀၀ တောင် မနည်းခြစ်ခြုတ်ကပ်ပြီးပေးလိုက်ရတယ်"

"ဒီစုကြေးလဲ မြန်မြန်ပေါက်ပြီးသွားမှနားအေးမှာပါ။ နို့မို့ဆို အမေနဲ့သမီးလဲ ဟင်းကောင်းကောင်းစားရမှာမဟုတ်ဘူး။ တစ်နေ့တစ်နေ့ စုကြေးထဲပဲ ပိုက်ဆံကရောက်နေတယ်။ မိုးရွာလဲ မနက်အစောဈေးသွားနေရတာ။ စုကြေးပေါက်ပြီးရင် အမေဈေးမရောင်းတော့နဲ့"

"ဖြူသွယ်ရယ် အမေက အခုလုပ်နိုင်ကိုင်နိုင်တုန်းလေး ကြိုးစားပြီးရှာနေတော့ အမေလှူချင်တာတွေလဲ လှူရ။ ဟိုမြေး၊ ဒီမြေး မုန့်ဖိုးတောင်းလဲ ပေးနိုင်ကျွေးနိုင်တာပေါ့။ အမေ မလုပ်နိုင်မကိုင်နိုင်တော့မှ ဈေးရောင်းနားမယ်"

"ပတ်ဝန်းကျင်က ဘယ်လိုပြောလဲ အမေမသိဘဲနဲ့။ သားသမီးသုံးယောက်မွေးထားပြီး အသက် ၇၀ ကျော်ထိ ဒေါ်မြမေဈေးရောင်းနေရတယ်။ သားသမီးတွေက မသိတတ်လို့တဲ့"

ဖြူသွယ် အသံခပ်ဆတ်ဆတ်ပြောလိုက်သည်။ တကယ်ဆိုလျှင် သားအမိနှစ်ယောက်တည်း ရသည့်လစာလေးနှင့်လောက်ငအောင်ချွေတာစားလျှင် အမေလည်း ယခုလို ပင်ပန်းစွာဈေးမရောင်းရတော့ပေ။ ယခုတော့ ဖြူသွယ့် ကျောင်းဆရာမလစာတစ်ဝက်ပါ စုကြေးထဲဝင်နေသည်။ အမေအိမ်ဆောက်ချင်၍ စုကြေးပေးရန် တစ်နေ့တစ်နေ့ လုံးပန်းနေရသည်ကို ဖြူသွယ်နားလည်သည်။ စုကြေးပေါက်၍ အိမ်ဆောက်ပြီးရင် အသက်အရွယ်ကြီးလာပြီဖြစ်သည့် အမေ့ကို ဖြူသွယ်ဈေးမရောင်းစေချင်တော့ပေ။

"အေးပါသမီးရယ်။ ဒါဆိုလဲ သမီးသဘောအတိုင်း အမေဈေးမရောင်းတော့ပါဘူး။ ဒီစုကြေးလေးပေါက်ပြီးရင်တော့"

" ဈေးမရောင်းတော့ဘူးဆိုတာ တကယ်နော်အမေ"

"အေးပါသမီးရယ် အေးပါ"

"သမီး ထမင်းဟင်းသွားချက်လိုက်အုံးမယ် အမေ" ဟုပြော၍ သမီးငယ် အနားကထွက်သွားသည်။ တစ်ချိန်ကျရင် သမီးငယ်လည်း အိမ်ထောင်ပြုမှာပဲ။ ထိုအချိန်ကျရင် သူ့အိမ်ထောင်ဘက်က သည်အမေအိုကြီးကို ကြည်ဖြူစွာ တင်ကျွေးထားနိုင်ပါ့မလား။ သားအိမ်လိုက်နေလည်း ချွေးမက ကြည်ဖြူဦးမှ။ သမီးအိမ်လိုက်နေပြန်လည်း သမက်က ကြည်ဖြူဦးမှ။

ကိုယ့်သားသမီးဆိုသော်လည်း ယခုအချိန်တွင် ကိုယ်နှင့်က ဆိုင်သာဆိုင်မပိုင်တော့သည့်အခြေအနေဖြစ်သွားပြီ မဟုတ်ပါလား။ ဒေါ်မြမေ ရေရှည်ကို ကြည့်၍ စုကြေးပေါက်လျှင် အိမ်အမြန်ပြီးအောင် ဆောက်ချင်သည်။ အိမ်ကလေးရှိထားတော့ ဘယ်သားသမီးအိမ်မှ ခိုကပ်နေစရာမလို။ ကိုယ့်အိုးကိုယ့်အိမ်မှာ နေဖင်ထိုးအောင်အိပ်လည်း သမက်တို့၊ ချွေးမတို့ မျက်နှာကြည့်စရာမလိုပေ။ သေသွားဦးတော့ သားသမီးများ အမွေခွဲယူ၍ရသည်။

(၄)

"အမေထမင်းစားရအောင် ဘာတွေစဉ်းစားနေတာလဲ"

"ဟိုအကြောင်းဒီအကြောင်းပါ သမီးရယ်"

"အမေနော် ဈေးမရောင်းတော့ဘူးလို့ ကတိပေးထားတာ ဖျက်မယ်တော့မကြံနဲ့"

"အေးပါအေ ညည်းကလဲ တကတဲမှပဲ"

ဒေါ်မြမေ ဖြူသွယ့်ကို မျက်စောင်းထိုး၍ ထမင်းဝိုင်းကို ထွက်လာလိုက်သည်။ ထမင်းစားပွဲတွင် ငါးပိရည်ကျိုနှင့် ကြက်ဥကြော်က နေရာယူထားသည်။ သို့သော်လည်း ထိုဟင်းများက ယခုမှနေရာဝင်ယူခဲ့သည်မဟုတ်။ စုကြေးထည့်ပါပြီဆိုကတည်းက ထမင်းဝိုင်းတွင် အလိုလိုရောက်လာခဲ့ရသည်။ ဒေါ်မြမေ ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်သည်။ ငါးပိရည်ကျိုကျဲကျဲကို ထမင်းဖြူဖြူပေါ်ဆမ်း၍ အားရပါးရလက်ဖြင့်နယ်လိုက်သည်။ ကြက်ဥနှစ်လုံးကြော်ထားသည့် ပန်းကန်ထဲက ကြက်ဥကြော်တစ်ချပ်ကို ဖြူသွယ့်ပန်းကန်ထဲထည့်ပေးလိုက်ပြီး ကျန်တစ်ချပ်ကို မိမိပန်းကန်ထဲထည့်သည်။ ဘေးမှာချထားသည့် ရေနွေးကြမ်းတစ်ခွက်နှင့် ငါးပိရည်ကျိုထမင်းနယ်ကို အားရပါးရ စားလိုက်တော့သည်။ ဝက်သား၊ အမဲသား၊ ကြက်သားတို့နှင့် အရသာမတူသော်လည်း လျှာအရသာခံမနေသောကြောင့် ထမင်းစားဝင်သည်။

ဒေါ်မြမေ မျှော်လင့်ချက်များဖြင့် နေ့စဉ်နေ့တိုင်း မပျက်မကွက်ဈေးရောင်းထွက်နေသည်။ ဈေးရောင်းသွားသည့် ခြေလှမ်းများကလည်း သွက်လက်နေသည်။ စိတ်ကူးယဉ်အတွေးများနှင့်ကြည်နူးပြီး ညညဆိုလည်း ပျော်ရွှင်စွာ အိပ်ရာဝင်ခဲ့သည်။

(၅)

"အဘွား ဒေါ်မြမေ ဈေးရောင်းကောင်းလား"

"သန်းကျော်ဌေးရယ် ဈေးရောင်းကောင်းကောင်း၊ မကောင်းကောင်း နင့်ပေးရမဲ့ပိုက်ဆံတော့ နင်လာရင် အဆင်သင့်ဖြစ်အောင် လုပ်ပေးထားပြီးသားပါကွယ်"

"စုကြေးပေါက်ဖို့က ရှေ့မှာ လူနှစ်ယောက်ပေါက်ဖို့ပဲလိုတော့တယ်"

"အဘွားက အဲဒါကြောင့်လဲ ပျော်နေမိတာပါ"

ပိုက်ဆံ ၅၀၀၀ တန် အသစ်စက်စက်ကလေးကို လွယ်အိတ်ထဲကနှိုက်ကာ စုကြေးကောက်သည့် သန်းကျော်ဌေးကို ပေးလိုက်သည်။ ဘေးမှာအတူဈေးရောင်းသည့်သူများလည်း သန်းကျော်ဌေးထံတွင် စုကြေးလိုက်ထည့်သည်။ ဈေးသည်အားလုံးကတော့ ရည်မှန်းချက်ကိုယ်စီနှင့် သန်းကျော်ဌေးထံ စုကြေးထည့်ကြသည်။ သန်းကျော်ဌေးပုံစံမှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊

စာမျက်နှာ ၂၅ သို့ ➤

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၂၀ ရရှိခဲ့



**နေပြည်တော် ဇူလိုင် ၁၄**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းတန်ချိန် ၆၉၀၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၂၀ ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

ထိုသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းထက် ရာခိုင်နှုန်းအားဖြင့် ၃၅ ရာခိုင်နှုန်းပိုများကြောင်း၊ ရေထွက်ကုန်များတွင် ငါးသလောက်၊ ငါးမြစ်ချင်း၊ ကကတစ်၊ ငါးတန်၊ ငါးခုံးမ စသည့် ငါးအမျိုးအစား ၂၀ ကို ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ပုစွန်တင်ပို့နိုင်မှုကလည်း ယခင်ကာလများထက် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

"ပြည်ပကို ရေထွက်ကုန်တွေတင်ပို့မှုကတော့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေ တင်ပို့နေတာဖြစ်ပါတယ်။ အခုဘဏ္ဍာနှစ် ဧပြီလကနေ ဇွန်လထိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ တန်ချိန် ၆၉၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ဒီလိုတင်ပို့ရာမှာ ဧပြီလမှာ တန်ချိန် ၁၆၀၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၉ သန်းရရှိခဲ့ပြီး မေလမှာတော့ တန်ချိန် ၂၅၃၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၄ သန်းရရှိခဲ့ကာ ဇွန်လမှာ တန်ချိန် ၂၇၇၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၇ သန်း ရရှိခဲ့တာဖြစ်ပါတယ်"ဟု ဦးညွန့်ဝင်းက ပြောပြသည်။

ရေထွက်ကုန်တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထားပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်များပြည့်မီရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

ASH

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၂၀၁ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၂၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၁၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲစင်းငုံ ၅၂၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံဧက ၁၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ပဲစင်းငုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ အထွက်နှုန်းကောင်းဖို့လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# တီးတိန်မြို့နယ်တွင် VDP စီမံကိန်းရန်ပုံငွေသုံးစွဲနည်းသင်တန်းပို့ချ

**တီးတိန် ဇူလိုင် ၁၄**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာလေးရွာမှ ကော်မတီဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေသုံးစွဲနည်း (AVIP) သင်တန်းပို့ချခြင်းကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွင်ငိုက်လွန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ အကျိုးကျေးဇူးများ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တီးတိန်မြို့နယ် VDP စီမံကိန်းတာဝန်ခံ ဒေါ်ငွေ့ဇမ်းညောင်နှင့် အင်ဂျင်နီယာ တာဝန်ခံ ဦးလျန်းယွန်းမုန်တို့က ကျေးရွာအချက်အလက်ကောက်ယူခြင်း၊ စီမံကိန်းစာအုပ်ထုတ်ဝေခြင်း၊ လုပ်ငန်းအတွက် Estimate ရေးဆွဲခြင်း၊ လုပ်ငန်းတိုးတက်မှုပေးပို့ခြင်း၊ ရန်ပုံငွေသုံးစွဲခြင်း၊ ငွေစာရင်းပြုစုထိန်းသိမ်းခြင်း စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာလေးရွာမှ ကော်မတီဝင်ရှစ်ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေသုံးစွဲနည်း (AVIP)နှင့်ပတ်သက်သည့် သင်ခန်းစာများကို တစ်ရက်ကြာအခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်လွင်ငိုက်လွန်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# မြေပုံမြို့နယ် ပင်ခါးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြေပုံ ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပင်ခါးကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က အမှာစကားပြောကြားပြီး မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပင်ခါးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ကျေးရွာ၏ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။

**စင်မာ**

# ရေနံချောင်းမြို့နယ် သစ်မြင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သစ်မြင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သစ်မြင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၀၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၈၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၃ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ထောင်နှင့်ချီသောလူများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**နယူးဒေလီ ဇူလိုင် ၁၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လွန်ခဲ့သောရက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ထောင်နှင့်ချီသောလူများကို ဇူလိုင် ၁၃ ရက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အိန္ဒိယဗဟိုရေကော်မရှင်က ထုတ်ပြန်သောသတင်းများကို ကိုးကား၍ The New York Times သတင်းဌာနက ဇူလိုင် ၁၃ ရက်တွင် ဖော်ပြထားသည်။

မြို့တော်နယူးဒေလီကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဂင်္ဂါမြစ်၏ မြစ်လက်တက်တစ်စင်းဖြစ်သော ယမုံနာမြစ်ရေသည် ဇူလိုင် ၁၃ ရက်တွင် အန္တရာယ်မှတ်ကို သုံးမီတာ ကျော်လွန်ခဲ့သဖြင့် နယူးဒေလီမြို့တော်ဝန် Arvind Kejriwal က ကျောင်းများကို ပိတ်ထားကာ အဆိုပါဒေသရှိလူများကို ဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းစေခဲ့ကြောင်း သိရသည်။

ယမုံနာမြစ်ကမ်းဘေးတွင် နေထိုင်သော ရွှေ့ပြောင်းလုပ်သားများ၊ အခြား ရေလွှမ်းမိုးမှုလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေသူများအပြင် ခံတပ်နီကဲ့သို့ သမိုင်းဝင်နေရာများတွင်လည်း မြစ်ရေဖုံးလွှမ်းလျက်ရှိသဖြင့် အဆိုပါနေရာများမှ လူများအားလုံးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

ယခုနှစ်မုတ်သုံရာသီတွင် ရေကြီးမှု၊ မြေပြိုမှုများကြောင့် အိန္ဒိယနိုင်ငံမြောက်ပိုင်း ပြည်နယ်ခြောက်ခုတွင် အနည်းဆုံးလူ ၉၁ ဦးသေဆုံးခဲ့ပြီး လူသန်းပေါင်းများစွာ အခက်အခဲများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ AZH

# ကိုလံဘီယာနိုင်ငံ၌ ယခုနှစ်အတွင်း သစ်တောပြုန်းတီးမှု ၂၉ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျလာ

**ဘိုဂိုတာ ဇူလိုင် ၁၄**

ကိုလံဘီယာနိုင်ငံ၌ သစ်တောပြုန်းတီးမှုလျှော့ချရေးကို စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာ ၂၀၂၃ ခုနှစ် နှစ်ဝက်အတွင်း သစ်တာပြုန်းတီးမှုပမာဏသည် ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလပတ်လုံးပြုန်းတီးမှုဖြစ်ပွားခဲ့သော ပမာဏအောက် ၂၉ ဒသမ ၁ ရာခိုင်နှုန်းထိလျော့ကျလာကြောင်း ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Aljazeera သတင်းဌာနက ဇူလိုင် ၁၃ ရက်တွင် ဖော်ပြသွားခဲ့သည်။

ကိုလံဘီယာအစိုးရက ကိုလံဘီယာနိုင်ငံနယ်နိမိတ်အတွင်းတည်ရှိနေသည့် အမေဇုန်သစ်တောကြီးဝိုင်းပြုန်းတီးမှုလျှော့ချရေးကို ပိုမိုအလေးထားဆောင်ရွက်လာခဲ့ခြင်းဖြစ်ပြီး ယခုနှစ် နှစ်ဝက်အတွင်း သစ်တောပြုန်းတီးမှုလျော့ကျလာသည့်ပမာဏသည် ၂၀၁၃ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုလျော့ကျသည့်ပမာဏ အများဆုံးဖြစ်ခဲ့ကြောင်း ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီနှစ်မှာတော့ ကျွန်မတို့ရဲ့ ရည်မှန်းချက်ကို အရောက်လှမ်းဖို့ ထိရောက်တဲ့ခြေလှမ်းတွေ စတင်နိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်နောက်ပိုင်း သစ်တောပြုန်းတီးမှုပမာဏ အများဆုံး လျော့ကျလာပါတယ်။ ၂၀၂၄ ခုနှစ်နဲ့ ၂၀၂၅ ခုနှစ်မှာလဲ ဒီနှစ်လိုမျိုး သစ်တောပြုန်းတီးမှုလျော့ကျရေး စီမံချက်တွေကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင်တော့ ၂၀၂၆ ခုနှစ်ကနေစတင်ပြီး တစ်နှစ်ကို စတုရန်းကီလိုမီတာ ၁၄၀၀ ထိ နှစ်စဉ်သစ်တောပြုန်းတီးမှုလျှော့ချရေး ရည်မှန်းချက်ကို သေချာပေါက် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်"ဟု ကိုလံဘီယာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဆူဇန်နာက ပြောကြားသွားခဲ့သည်။

ကိုလံဘီယာအစိုးရသည် ၂၀၂၆ ခုနှစ်မှစတင်၍ တစ်နှစ်လျှင် သစ်တောပြုန်းတီးမှုဧရိယာ စတုရန်းကီလိုမီတာ ၁၄၀၀ ထိ လျှော့ချနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါရည်မှန်းချက်ကို မရောက်မီ သစ်တောပြုန်းတီးမှုကို အတတ်နိုင်ဆုံးလျှော့ချသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခိုင်းဆက်**



# ကနေဒါနိုင်ငံ အော့တဝါမြို့တွင် အားကောင်းသည့်လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနေအိမ် ၁၂၅ လုံး ပျက်စီး

**အော့တဝါ ဇူလိုင် ၁၄**

ကနေဒါနိုင်ငံ၏ မြို့တော်ဖြစ်သည့် အော့တဝါမြို့တွင် ဇူလိုင် ၁၃ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ လူနေအိမ် ၁၂၅ လုံးထိ ပျက်စီးသွားခဲ့ကြောင်း အော့တဝါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The Gazette သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းအားကောင်းခဲ့သည့်အတွက် အခြေခံအဆောက်အအုံတချို့လည်း ပျက်စီးခဲ့ပြီး ဓာတ်တိုင်များ လဲကျမှုကြောင့် လူနေအိမ် ၁၆၀၀ ကျော်ထိ လျှပ်စစ်မီး ပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း အော့တဝါမြို့ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၂၅ လုံးထိ ပျက်စီးခဲ့ရပါတယ်။ အခြေခံအဆောက်အအုံတချို့လဲ ပျက်စီးသွားခဲ့တယ်။ သစ်ပင်ကြီးတွေလဲကျခဲ့သလို ဓာတ်တိုင်တွေလဲ လဲကျခဲ့တယ်။ ဓာတ်တိုင်လဲကျမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုနဲ့ရင်ဆိုင်နေရတဲ့ လူနေအိမ် ၁၆၀၀ ကျော်ထိ ရှိနေပါတယ်။ မော်တော်ယာဉ်တချို့လဲ ပျက်စီးခဲ့ပါတယ်"ဟု အော့တဝါ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်းကြောင့် သစ်ပင်ကြီးများ မော်တော်ယာဉ်တချို့ပေါ် လဲကျခဲ့သည့်အတွက် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေသကဲ့သို့ မော်တော်ယာဉ်တချို့ ပျက်စီးခဲ့ပြီး အသေးစားဒဏ်ရာရရှိသူ တစ်ဦးသာရှိခဲ့ကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်အခြေအနေကို တွက်ချက်နေဆဲဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုပမာဏကို မသိရသေးကြောင်း အော့တဝါ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။ **ခိုင်းဆက်**

# ဥရောပတိုက်တောင်ဘက်ပိုင်းနိုင်ငံများတွင် အပူချိန်စံချိန်တင်မြင့်တက်ဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၁၄**

ဥရောပတိုက်တောင်ဘက်ပိုင်းနိုင်ငံများတွင် ဇူလိုင် ၁၀ ရက်မှစ၍ ဆာဘရက်စ်ဟု အမည်ပေးထားသည့် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပွားနေပြီး လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းသောနိုင်ငံများတွင် အပူချိန်စံချိန်တင်မြင့်တက်ဖွယ်ရှိနေကြောင်း ဗြိတိန်ဗဟိုမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Fox News သတင်းဌာနက ဇူလိုင် ၁၃ ရက်တွင် ဖော်ပြသွားခဲ့သည်။

ဆာဘရက်စ် အပူလှိုင်းသည် အီတလီနိုင်ငံ၊ စပိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ခရိုအေးရှားနိုင်ငံ၊ ဂရိနိုင်ငံနှင့် တူရကီနိုင်ငံတို့ကို အဓိကဖြတ်သန်းနေပြီး အီတလီနိုင်ငံတွင် အပူချိန်မှာ ၄၈ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ စံချိန်တင်မြင့်တက်နေပြီဖြစ်သည့်အတွက် အပူချိန်မြင့်တက်မှုအနီရောင်အဆင့်အဖြစ်သတ်မှတ်ထားကြောင်း အီတလီမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"လာမဲ့ရက်ပိုင်းအတွင်းဥရောပတိုက်တောင်ဘက်ပိုင်းနိုင်ငံတွေမှာ အပူချိန် ဆက်လက်မြင့်တက်လာဖွယ်ရှိနေပါတယ်။ အပူချိန်မြင့်တက်မှုဟာစံချိန်တင်ပမာဏတစ်ခုကို ရောက်သွားနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လမှာလဲ ကမ္ဘာ့သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးလအဖြစ် မှတ်တမ်းဝင်ထားပါတယ်။ ဇူလိုင်လအတွင်းမှာလဲ အပူချိန်စံချိန်တင် မြင့်တက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု ဗြိတိန်ဗဟိုမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

အီတလီနိုင်ငံ ရိုးမားမြို့၊ ဖလော်ရင့်မြို့အပါအဝင် မြို့ကြီး ၁၀ မြို့တွင် အပူချိန်မြင့်တက်မှု အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ စပိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ခရိုအေးရှားနိုင်ငံ၊ ဂရိနိုင်ငံနှင့် တူရကီနိုင်ငံတို့တွင် အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး လာမည့်ရက်ပိုင်းအတွင်း အပူချိန်ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း၊ ယနေ့မှစ၍ ဥရောပတောင်ဘက်ပိုင်းနိုင်ငံများတွင် အပူချိန်ဆက်လက်မြင့်တက်လာဖွယ်ရှိနေပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးသူလည်း မြင့်တက်လာဖွယ် ရှိနေကြောင်း ဗြိတိန်ဗဟိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ခိုင်းဆက်**

# အမေရိကန်နိုင်ငံတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးကျကာ နေအိမ်များပျက်စီး

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်နိုင်ငံ ချီကာဂိုမြို့နှင့် အခြားမြို့တချို့တွင် ဇူလိုင် ၁၂ ရက်ညနေပိုင်းနှင့် ဇူလိုင် ၁၃ ရက်က လေဆင်နှာမောင်းသုံးခု တိုက်ခတ်ခဲ့မှုကြောင့် သစ်ပင်များကျိုးကျပြီး လူနေအိမ်များလည်း ပျက်စီးခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာနနှင့် မြို့တော်အာဏာပိုင်များက ဇူလိုင် ၁၃ ရက်တွင် အတည်ပြုပြောကြားခဲ့သည်ဟု 5 CHICAGO သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ချီကာဂိုမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်သော O'Hare အနီးတွင် ဇူလိုင် ၁၂ ရက် ည ၇ နာရီခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ရာနှင့်ချီသောလေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရပြီး ခရီးသွားပြည်သူများကို အမိုးအကာအောက်တွင် စနစ်တကျနေထိုင်ရန် အာဏာပိုင်များက အကြံပြုထားကြောင်း သိရသည်။

အဆိုပါဒေသတွင် လေဆင်နှာမောင်းသုံးခု တိုက်ခတ်ခဲ့ပြီး EF-1 အမျိုးအစားလေဆင်နှာမောင်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းကျော်ဖြင့်ချီကာဂိုမြို့ Elgin ဆင်ခြေဖုံးရပ်ကွက်တွင် တိုက်ခတ်ခဲ့ကြောင်း အာဏာပိုင်များထံမှ သိရသည်။

နောက်ထပ် EF-0 အမျိုးအစားလေဆင်နှာမောင်းတစ်ခုမှာ တစ်နာရီလျှင်လေတိုက်နှုန်း ၈၅ မိုင်ဖြင့် Elgin မြို့အနီးတွင် တိုက်ခတ်ခဲ့ပြီး မြေပြင်တွင် လေဆင်နှာမောင်းမည်မျှကြာကြာတိုက်ခတ်ခဲ့သည်ကို အပျက်အစီးများက ညွှန်ပြလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တတိယ လေဆင်နှာမောင်းတစ်ခုမှာ ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် Burr Ridge မြို့အနီးတိုက်ခတ်ခဲ့ပြီး Stickney မြို့ဘက်သို့ရွှေ့လျားခဲ့ကာ တစ်နာရီလျှင်မိုင် ၁၁၀ ခန့်ဖြင့် တိုက်ခတ်ခဲ့ကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သစ်ပင်များ၊ အဆောက်အအုံများပျက်စီးခဲ့သော်လည်း လူထိခိုက်သေဆုံးမှုမရှိသေးကြောင်း၊ နေအိမ်များ ပျက်စီးမှုပမာဏကို စိစစ်နေပြီး အတိအကျမသိရှိရသေးကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ AZH

# ကွန်ကာကပ်ဂိုးကပ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်မှာ အစဉ်အလာကြီးမားတဲ့ မက္ကဆီကိုအသင်းပဲ နိုင်ပွဲရသွားမှာပါ



၂၀၂၃ ခုနှစ် ကွန်ကာကပ်ဂိုးကပ်ပြိုင်ပွဲကို အမေရိကန်နိုင်ငံနဲ့ကနေဒါနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ပြီးခဲ့တဲ့ ဇွန် ၁၇ ရက်မှာ စတင်ခဲ့တာဖြစ်ပြီး လာမဲ့ ဇူလိုင် ၁၇ ရက်မှာဆို ဗိုလ်လုပွဲယှဉ်ပြိုင်ကစားသွားမှာကို တွေ့ရမှာပါ။ ကွန်ကာကပ်ဂိုးကပ်ပြိုင်ပွဲကို ၁၉၆၃ ခုနှစ်မှာ ကွန်ကာကပ်ချန်ပီယံရှစ်အမည်နဲ့ကျင်းပခဲ့တာဖြစ်ပေမဲ့ ၁၉၉၁ ခုနှစ်မှာတော့ ဂိုးကပ်ပြိုင်ပွဲအမည်နဲ့ ပြောင်းလဲကျင်းပခဲ့တာကို တွေ့ရမှာပါ။ အဲဒီအချိန်တုန်းက အသင်းရှစ်သင်းကို အုပ်စုနှစ်ခုခွဲကျင်းပခဲ့တာဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ အသင်းအရေအတွက်များလာတာကြောင့် အုပ်စုလေးခုခွဲကျင်းပခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိပြိုင်ပွဲမှာ အအောင်မြင်ဆုံးအသင်းက မက္ကဆီကိုဖြစ်ပြီး ဂိုးကပ်ပြိုင်ပွဲအမည်ပြောင်းလဲပြီးနောက်ပိုင်း ဆုဖလားရှစ်ကြိမ်ထိ ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယအောင်မြင်မှုအများဆုံးအသင်းကတော့ အမေရိကန်အသင်းဖြစ်ပြီး ဆုဖလားခုနစ်ကြိမ်နဲ့ လက်ရှိချန်ပီယံဖြစ်တာကို တွေ့ရမှာပါ။ ဒီနှစ်မှာတော့ လက်ရှိချန်ပီယံအမေရိကန်အသင်းဟာ အိမ်ရှင်အသင်းဖြစ်ပေမဲ့ ဆီမီးဖိုင်နယ်အဆင့်ကပဲ ထွက်ခွာသွားရတာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါအသင်းတွေဟာ ထိပ်တန်းကစားသမားတွေကိုချန်လှပ်ပြီး ယှဉ်ပြိုင်ခဲ့တာကြောင့် ဂျမေကာ၊ ပနားမားတို့လိုအသင်းငယ်တွေ ကစားရလွယ်ကူခဲ့ပေမဲ့ နောက်ဆုံးဗိုလ်လုပွဲကို အသင်းကြီးဖြစ်တဲ့ မက္ကဆီကိုပဲတက်ရောက်နိုင်ခဲ့တာတွေ့ရမှာပါ။ ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့ မက္ကဆီကိုက ကမ္ဘာ့အဆင့်(၁၄)မှာရှိနေပေမဲ့ ပနားမားအသင်းကတော့ ကမ္ဘာ့အဆင့်(၅၇)မှာသာ ရပ်တည်နေတာကြောင့် ဘောလုံးအဆင့်အတန်းကွာဟမှုရှိနေတာဖြစ်ပါတယ်။ ဒါ့ပြင် ဂိုးကပ်ပြိုင်ပွဲရဲ့ သမိုင်းတစ်လျှောက်မှာ မက္ကဆီကိုဟာ ဆုဖလားအများဆုံး ရယူနိုင်ခဲ့တာကြောင့် အတွေ့အကြုံပိုင်းမှာ ပနားမားထက်သာလွန်နေတာကို တွေ့ရမှာပါ။

## မက္ကဆီကို

မက္ကဆီကိုအသင်းဟာ ဂိုးကပ်ပြိုင်ပွဲအုပ်စု(B)မှာ ဟွန်ဒူးရပ်စ်၊ ဟေတီ၊ ကာတာအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့ပေမဲ့ ဇွန် ၂၆ ရက် အုပ်စုအဖွင့်ပွဲစဉ်မှာ ဟွန်ဒူးရပ်စ်အသင်းကို လေးဂိုးပြတ်နဲ့အနိုင်ရခဲ့တာဖြစ်ပြီး ကွင်းလယ်ကစားသမား ရိုမိုက နှစ်ဂိုး၊ ချာဗက်ဇ်က တစ်ဂိုးနဲ့ တိုက်စစ်မှူး ပင်နီဒါက တစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဂျီမီနက်ဇ်၊ မာတင်နဲ့ ဟေတီခံစစ်ကစားသမား အဒီ ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့တာကြောင့် သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဇူလိုင် ၁ ရက်မှာကစားခဲ့တဲ့ အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ နှစ်ပွဲပြတ်နိုင်ထားတာဖြစ်လို့ အရန်ကစားသမားတွေနဲ့ ပွဲထွက်လာပြီး အဓိကကစားသမားတွေကို အနားပေးခဲ့လို့ ကာတာလိုအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်သွားခဲ့တာကို သတိပြုရမှာပါ။ ကာတာကို ရှုံးခဲ့တဲ့ပွဲစဉ်မှာ သူတို့အသင်းဟာ ကွင်းလယ်နဲ့ တိုက်စစ်ကိုပြောင်းလဲမှုပြုလုပ်ခဲ့သလို ကစားကွက်ပိုင်းကိုလဲ ၄-၃-၃ ပုံမှန်ကစားကွက်ကနေ ၄-၂-၃-၁ ပြောင်းလဲကစားသွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကာတာလိုအသင်းကို ရှုံးနိမ့်ခဲ့တယ်လို့ သုံးသပ်ရမှာပါ။

သူတို့အသင်းဟာ ဇူလိုင် ၉ ရက်မှာကစားခဲ့ရတဲ့ ကွာတားဖိုင်နယ်အဆင့်မှာတော့ အုပ်စု(C)ကနေ အုပ်စုဒုတိယနဲ့ တက်ရောက်လာတဲ့ ကော်စတာရီကာနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ မက္ကဆီကိုအသင်းဟာ ပွဲစကတည်းက ကော်စတာရီကာကို ဖိအားပေးကစားနိုင်ခဲ့သလို ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှု ရှစ်ကြိမ်ထိပြုလုပ်ခဲ့ရာမှာ သွင်းဂိုးနှစ်ဂိုးရရှိခဲ့တာဖြစ်ပါတယ်။ သွင်းဂိုးတွေကိုတော့ တိုက်စစ်မှူး ပင်နီဒါနဲ့ ကွင်းလယ်ကစားသမား အဲရစ်ဆန်းချက်ဇ်တို့က သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ကော်စတာရီကာအသင်းကတော့ မက္ကဆီကိုရဲ့ထိန်းချုပ်မှုကို ခံခဲ့ရတာကြောင့် ကွာတားအဆင့်က လှည့်ပြန်ခဲ့ရတာဖြစ်ပါတယ်။

ဆီမီးဖိုင်နယ်မှာတော့ ဂွါတီမာလာကိုအနိုင်ယူပြီး တက်ရောက်လာတဲ့ ဂျမေကာအသင်းနဲ့ ဇူလိုင် ၁၃ ရက်မှာ ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ အန်တိုနီယို၊ ဒီမာဂရေး၊ ဘိုင်လီ၊ ဘော်ဘီရိဒ်တို့လို ပရီးမီးယားလိဂ်ကစားသမားအများစုပါဝင်တဲ့ ဂျမေကာကိုအပြန်အလှန်တိုက်စစ်ဆင်မှုတွေကစားခဲ့ရပေမဲ့ သုံးဂိုးပြတ်အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။

အခုပြိုင်ပွဲမှာ မက္ကဆီကိုအသင်းဟာ ဥရောပထိပ်တန်းကစားသမားတွေထဲက ဂိုးသမားအိုချိုအာနဲ့ ကွင်းလယ်ကစားသမား အက်ဆွန်အယ်ဗာရက်ဇ်တို့ကိုသာ ရွေးချယ်ခဲ့ပြီး ကျန်ကစားသမားတွေကတော့ ကလပ်အသင်းတွေမှာခြေစွမ်းပြနေတဲ့ လူငယ်ကစားသမားတွေသာ ဖြစ်တာကို တွေ့ရမှာပါ။ ဒါကြောင့် လက်ရှိမှာ မက္ကဆီကိုအသင်းဟာ အသင်းလိုက်စုဖွဲ့မှုနဲ့ တိုက်စစ်ပိုင်းထက်မြက်မှုက အကောင်းဆုံးကိုရောက်ရှိနေပြီး ချန်ပီယံဆုဖလားဆွတ်ခူးဖို့ ထိုက်တန်တဲ့ခြေစွမ်းမျိုးပြသနိုင်ခဲ့တာကိုတွေ့ရမှာပါ။

လက်ရှိ မက္ကဆီကိုအသင်းမှာ စွမ်းဆောင်ရည်အကောင်းဆုံးကစားသမားက ကွင်းလယ်ကစား သမားချာဗက်ဇ်ဖြစ်ပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ခြေစွမ်းပြတိုက်စစ်မှူးကတော့ မာတင်ဖြစ်ပြီး သွင်းဂိုးနှစ်ဂိုးနဲ့ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ထားသလို ပင်နီဒါ၊ ရိုမိုတို့ကလဲ သွင်းဂိုးနှစ်ဂိုး၊ အန်တူနာက ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ထားတာကြောင့် ကစားသမားအားလုံးဂိုးသွင်းခြေစွမ်းရှိနေတာကို သတိပြုရမှာပါ။

## ပနားမား

ပနားမားအသင်းဟာ ဂိုးကပ်ပြိုင်ပွဲအုပ်စု(C)မှာ ကော်စတာရီကာ၊ မာတီနီကွီ၊ အယ်ဆာဗေဒိုးတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့တာဖြစ်ပါတယ်။ ပနားမားအသင်းဟာ ဥရောပကလပ်အသင်းငယ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားအများစုနဲ့ ဖွဲ့စည်းထားပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဇွန် ၂၇ ရက်မှာ ကစားခဲ့ရတဲ့ အုပ်စုအဖွင့်ပွဲစဉ်မှာ ကော်စတာရီကာလို တိုက်စစ်ထက်မြက်တဲ့အသင်းကို ဘောလုံးပိုင်ဆိုင်မှု ၆၁ ရာခိုင်နှုန်းထိရရှိအောင် ကစားနိုင်ခဲ့ပြီး ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှု ၁၀ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဇူလိုင် ၁ ရက်မှာကစားခဲ့ရတဲ့ အုပ်စုဒုတိယပွဲစဉ်မှာတော့ မာတီနီကွီအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ ထပ်မံအနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာလဲ သူတို့အသင်းနည်းပြဟာ ပထမပွဲစဉ်ကအတိုင်း ပြိုင်ဘက်ကို တရပ်စပ်ဖိအားပေးနိုင်ခဲ့လို့ ပွဲချိန် ၅၇ မိနစ်မှာ ဖာဂျာဒိုနဲ့ ပွဲကစားချိန် ၆၉ မိနစ်မှာ ဘာစီနက်စ်တို့က ဦးဆောင်ဂိုးတွေ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဇူလိုင် ၅ ရက်မှာကစားခဲ့ရတဲ့ အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ အယ်ဆာဗေဒိုးနဲ့တွေ့ဆုံခဲ့ပေမဲ့ အုပ်စုအဆင့်က တက်ရောက်နိုင်ခဲ့တာကြောင့် အရန်ကစားသမားတွေနဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အယ်ဆာဗေဒိုးအသင်းကို တစ်ဖက်နှစ်ဂိုး သရေရလဒ်သာ ကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။

အုပ်စုပြီးချိန်မှာတော့ ပနားမားအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရှုံးပွဲမရှိနဲ့ ရမှတ် ခုနစ် မှတ်စုဆောင်းနိုင်ခဲ့လို့ အုပ်စုဗိုလ်နဲ့ ကွာတားဖိုင်နယ်အဆင့်ကိုတက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ကွာတားဖိုင်နယ်ပွဲစဉ်ကိုတော့ ဇူလိုင် ၉ ရက်မှာ ကစားခဲ့ရပြီး ဖိတ်ခေါ်အသင်းဖြစ်တဲ့ ကာတာနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာလဲ သူတို့အသင်းနည်းပြဟာ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းပြောင်းလဲခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ချေပဂိုးရဖို့ကြိုးစားနေတဲ့ ကာတာဟာ ပနားမားရဲ့ ထိန်းချုပ်မှုကိုခံခဲ့ရပြီး ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့လို့ လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲက ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။

ဆီမီးဖိုင်နယ် တက်ရောက်ခဲ့တဲ့ ပနားမားအသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ ကနေဒါအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရခဲ့တဲ့ လက်ရှိချန်ပီယံအမေရိကန်အသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ အပြန်အလှန်တိုက်စစ်ဆင်မှုတွေနဲ့ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ပနားမားအသင်းဟာ အမေရိကန်လို ကစားသမားစုဖွဲ့မှုနဲ့ အိမ်ရှင်အားသာချက်ရှိနေတဲ့ အမေရိကန်အသင်းကို ဖိအားပေးကစားသွားတာကတော့ ချီးကျူးစရာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကွင်းလယ်ပိုင်းကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့တာကြောင့် အမေရိကန်အသင်းကို အပိုင်အခွင့်အရေးတွေမရအောင် တားဆီးနိုင်ခဲ့သလို တန်ပြန်တိုက်စစ်ကနေ ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ တိုက်စစ်မြင့်လာတဲ့ အမေရိကန်အသင်းကလဲ နာကျင်အချိန်ပိုဒုတိယပိုင်းမှာ ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့လို့ သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ပင်နယ်တီအဆုံးအဖြတ်မှာတော့ လက်စွမ်းပြနေတဲ့ မက်တာနာကာကွယ်မှု တစ်ကြိမ်မှ မပြုလုပ်နိုင်ခဲ့ဘဲ ဂိုးကန်သွင်းချက်ကလဲ လေးဂိုးသာ ဂိုးရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပနားမားအသင်းဟာ ဂိုးကပ်ပြိုင်ပွဲသမိုင်းမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲပြန်လည်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

သူတို့အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားကတော့ တိုက်စစ်မှူး ဒီယက်ဇ်ဖြစ်ပြီး သွင်းဂိုးလေးဂိုးနဲ့ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ခဲ့တာကို တွေ့ရမှာပါ။ တိုက်စစ်မှူး ဖာဂျာဒိုကတော့ သွင်းဂိုးနှစ်ဂိုးနဲ့ ဂိုးဖန်တီးမှုတစ်ကြိမ်သာပြုလုပ်နိုင်ခဲ့ပေမဲ့ စွမ်းဆောင်ရည်အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။

မက္ကဆီကိုနဲ့ ပနားမားတို့ နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ကွန်ကာကပ်နေးရှင်းလိဂ် ဆီမီးဖိုင်နယ်အဆင့်မှာဖြစ်ပြီး မက္ကဆီကိုက တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သမိုင်းတစ်လျှောက် ထိပ်တိုက်တွေ့ဆုံမှုမှာတော့ မက္ကဆီကိုက ၁၀ ပွဲနိုင်၊ သုံးပွဲသရေ နှစ်ပွဲသာ ရှုံးခဲ့တာကို တွေ့ရမှာပါ။ လက်ရှိနည်းပြနှစ်ဦးရဲ့ စွမ်းဆောင်ရည်ပိုင်းမှာ မက္ကဆီကိုအသင်းနည်းပြဟာ ပနားမားအသင်းနည်းပြထက် သာနေတယ်လို့ ဆိုရမှာဖြစ်ပြီး တိုက်စစ်ကစားပုံနဲ့ ကစားသမားစုဖွဲ့မှုမှာလဲ မက္ကဆီကိုအသင်းပဲ အသာရနေတာကြောင့် ချန်ပီယံဆုဆွတ်ခူးနိုင်မှာ သေချာပါတယ်။

**မက္ကဆီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မက္ကဆီကို | ၄ | - | ၀ | ဟွန်ဒူးရပ်စ် |
| ဟေတီ | ၁ | - | ၃ | မက္ကဆီကို |
| မက္ကဆီကို | ၀ | - | ၁ | ကာတာ |
| မက္ကဆီကို | ၂ | - | ၀ | ကော်စတာရီကာ |
| ဂျမေကာ | ၀ | - | ၃ | မက္ကဆီကို |

**ပနားမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကော်စတာရီကာ | ၁ | - | ၂ | ပနားမား |
| မာတီနီကွီ | ၁ | - | ၂ | ပနားမား |
| ပနားမား | ၂ | - | ၂ | အယ်ဆာဗေဒိုး |
| ပနားမား | ၄ | - | ၀ | ကာတာ |
| အမေရိကန် | ၁ | - | ၁ | ပနားမား |







## ဝန်ထမ်းအလိုရှိသည်

(1) **နေ့စားဝန်ထမ်း** **အမျိုးသား** (၅)ဦး

- အမှတ်စဉ် (1)အတွက် အကျင့်စာရိတ္တကောင်းမွန်၍ စကားပြောဆိုပြေပြစ်ရမည်။ အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ စိတ်ပါဝင်စားပါက CV Form, အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပတ်(စ်)ပို့ပုံ (2)ပုံနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

* အိမ်နေ/အိမ်စားများလည်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်/ အမှတ် 14, 85, 28×29 ကြား၊ မန္တလေးမြို့။

02-4065540, 09-5079087

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ဂုဏ်ထူးဦးချမ်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မခင်မျိုးသက် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးပွ (၉/မလန(နိုင်)၀၁၇၃၇၅) ဖြစ်ပါကြောင်း။

**ဦးပွ(၉/ မလန(နိုင်)၀၁၇၃၇၅)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ဂုဏ်ထူးဦးချမ်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မအေးချမ်းပြည့် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဟံရွှေ(၉/ကပတ(နိုင်)၀၀၇၇၃၈)ဖြစ်ပါကြောင်း။

**ဦးဟံရွှေ(၉/ ကပတ(နိုင်)၀၀၇၇၃၈)**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြန်မာပညာအကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 မှ မသဇင်ဦး နှင့် Grade-7 မှ မောင်ကောင်းပြည့်ကျော်ဇော် တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆောက်အန်ချော် ဖြစ်ပါကြောင်း။

**ဦးဆောက်အန်ချော်(၁၃/ တမည(နိုင်)၀၀၂၅၃၁)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အ.ထ.က (၁)၊ Grade-12(စီးပွားရေး)တွင် ပညာသင်ကြားနေသော မမိုးမိုးသက် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖိုးလူ (၉/တတဥ(နိုင်)၀၆၇၄၉၀) ဖြစ်ပါကြောင်း။

**ဦးဖိုးလူ**

**(၉/ တတဥ(နိုင်)၀၆၇၄၉၀)**

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မောင်ထွန်းရွှေ (ဘ) ဦးရွှေအောင် (၅/ယမပ(နိုင်) ၁၃၇၄၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-248706) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၇၈၇၄၂၀၂

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တလင်းကြီးကျေးရွာ၊ တလင်းကြီးအထက်တန်းကျောင်း(ခွဲ) Grade-11 တွင်ပညာသင်ကြားနေသော မယဉ်ယဉ်ထွန်း ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းထွန်းနိုင် ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်(၉/ အမရ(နိုင်)၀၉၁၂၅၉)**

### ပျောက်ဆုံးကြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊တတ-၁၅/၂၇ နေ မောင်မင်းသီဟ (ဘ) ဦးကျော်နိုင်ဦး (၉/ပကခ(နိုင်)၀၇၄၂၀၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-064285) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၂၅၉၂၃၀၁၉၉

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်နေ ကြာညိုသွယ် (ဘ) ဦးမြင့်ချို (၉/အမဇ(နိုင်)၀၅၅၆၂၁) ၏ နိုင်ငံကူးလက်မှတ်အမှတ် (M-676764) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၃၃၅၇၅၅၅

## စာအုပ်စာပေ လူ့မိတ်ဆွေ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ စကောစုရပ်နေ ဦးအောင်မင်း+ဒေါ်နီနီအောင်တို့၏သားလတ် **မောင်ကျော်ရဲလွင် (၉/ပကခ(နိုင်)၀၁၁၅၇၂)** သည် မိဘ၏ဆိုဆုံးမမှုအပေါ် လုံးဝနာခံမှုမရှိဘဲ မိသားစုအပေါ် ဒုက္ခအမျိုးမျိုးပေးပြီး ထင်ရာစိုင်းလုပ်ဆောင်နေသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်း(၉/ မရတ(နိုင်)၀၄၁၅၉၅)**

**ဒေါ်နီနီအောင်(၉/ မရတ(နိုင်)၀၄၁၅၈၇)**

### ပျောက်ဆုံးကြောင်း

စဉ့်ကိုင်မြို့နယ်၊ ချမ်းသာကုန်းရွာနေ နီနီအောင် (ဘ) ဦးအောင်လွင် (၉/စကတ(နိုင်)၀၇၂၆၄၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-369810) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၅၄၃၉၉၀၁၁

# ဒေါက်တာ ရန်အောင်

**(ကလေးအထူးကုဆရာဝန်ကြီး)(သမ-၃၄၂၁) အသက်(၈၅)နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ (ဦးကြင်စိန်) + (ဒေါ်နှင်းအိ) သူနာပြုဆရာမကြီး တို့၏သား
မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အိမ်အမှတ် ဇဇ-၂/၆၉၊ ၅၈(အေ)လမ်း
၁၀၇ × ၁၀၈ ကြားနေ (ဒေါ်ခင်သန်းလှိုင်)၏ ခင်ပွန်း
ဦးရန်အောင်ဦး + ဒေါ်ဥမ္မာအေး၊ ဦးရန်အောင်မျိုး + ဒေါ်ကြည်ကြည်ခိုင်
ဦးရန်အောင်ထွန်း + ဒေါ်ဖင်မာစန်း တို့၏ ဖွေးသဖခင်၊ မြေး(၆)ယောက်တို့၏ အဘိုး

**ဒေါက်တာ ရန်အောင်** သည်

၁၃၈၅ - ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၂)ရက်၊ ၁၄.၇.၂၀၂၃ (သောကြာနေ့)
နံနက်(၉း၁၃)နာရီအချိန်တွင် (၈၆)ပါးသော ရောဂါဝေဒနာဖြင့်
ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၃)ရက်
၁၅.၇.၂၀၂၃ (စနေနေ့)၊ နံနက်(၁၁း၀၀)နာရီအချိန်တွင် အထက်ပါနေအိမ်မှ
တောင်အင်း/မြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍
ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်...

❖ အလားတူ ဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အတူ တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ်ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိ...

❖ အကြမ်းဖက်မှုဖြစ်စဉ်များလျော့နည်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပြုလုပ်သော မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## (၅၆)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ ဖော်ပြချက်အချို့သည် အာဆီယံပဋိညာဉ်ပါ မူကြီးများနှင့်ကိုက်ညီခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လက်မခံကန့်ကွက်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၁၁-၇-၂၀၂၃ ရက်တွင် ပြုလုပ်ခဲ့သည့် (၅၆)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ တစ်ဖက်သတ်မမျှမတဖော်ပြထားသည့် အချက်အလက်အချို့အတွက် စိတ်ပျက်မိကြောင်း မြန်မာအစိုးရကိုယ်စား ဖော်ပြအပ်ပါသည်။

အဆိုပါပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံဆိုင်ရာဖြစ်ပေါ်တိုးတက်မှု ခေါင်းစဉ်အောက်၌ သက်ဆိုင်ရာနိုင်ငံ၏ ငြိမ်းချမ်းသောနည်းဖြင့် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံထူထောင်ရေး ကြိုးပမ်းနေမှုများနှင့် သဘောထားရပ်တည်ချက်များကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးအခြေအနေကို ဖော်ပြထားကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်အပါအဝင် မည်သည့်ထုတ်ပြန်ချက်တွင်မဆို နိုင်ငံတစ်နိုင်ငံကို သီးခြားပစ်မှတ်ထား၍ ယင်း၏ ပြည်တွင်းရေးကိစ္စအား ဖော်ပြမှုသည် အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် "ဝင်ရောက်မစွက်ဖက်ရေးမူ"နှင့် သွေဖည်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် မည်သည့်အခါကမျှ လက်ခံခြင်းမရှိကြောင်း ထပ်မံဖော်ပြအပ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ကြေညာချက်အမှတ် ၃/ ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်)

၁။ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☐

**လူ့အခွင့်အရေးအကြောင်းပြ၍ မြန်မာနိုင်ငံအပေါ် ထားရှိသော ယန္တရားများ၏ ချို့ယွင်းချက်များကို ထောက်ပြခြင်း** စာမျက်နှာ - ၁၉

**ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန် ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ရရှိခဲ့** စာမျက်နှာ - ၂၇



**ထာဝစဉ်ရှင်သန်နေသော အာဇာနည်ပုဂ္ဂိုလ်များ**
ဆောင်းပါး စာမျက်နှာ - ၁၀

